# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၂၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ



## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ(၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့နယ်၊ မင်းဘူး-ပဒါန်း-အမ်းကားလမ်း မိုင်တိုင်အမှတ် ၄/၇ မှ ၅/၀ အကြားကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




မြန်မာ့အလင်း

# တစ်ရွာလျှင် နှစ်ဧက စိုက်ပျိုးကြနှစ်စဉ်

ရွက်အုပ်များသည့် သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်သည့် နေရာဒေသများမှာ အပူချိန် သိသိသာသာလျော့နည်းသည်။ နေပူပြင်းချိန်တွင် သစ်ပင်များမှ အရိပ်များကြောင့် နေရောင်သည် မြေကြီးပေါ်သို့ တိုက်ရိုက်မကျရောက်နိုင်တော့သည့်အခါ မြေကြီးမှ အပူစုပ်ယူခြင်းနှင့် အပူပြန်ခြင်းကို လျော့ကျသွားစေသည်။ ထို့အပြင် သစ်ရွက်များမှ ရေငွေ့ပျံသည့်ဖြစ်စဉ်များကလည်း လေထုထဲမှအပူရှိန်ကို လျော့နည်းသွားစေသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်းများအရ သစ်ပင်သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခဲ့ရာတွင် ဒေသများအတွင်း စိမ်းလန်းစိုပြည်မှုအခြေအနေကောင်းအချို့ ရရှိခဲ့သော်လည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

မင်းဘူးမြို့နယ် အပူပိုင်းဒေသ (၁၃) ခရိုင်စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ မိုးနည်းရပ်ဝန်းဒေသသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာချိန်တွင် အပူချိန်ပိုမိုပြင်းထန်လာခဲ့ရာ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း နွေရာသီအချိန်ကာလများတွင် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးမြို့များစာရင်း၌ ယင်းဒေသမှ မြို့များ ပါရှိခဲ့သည်ကို တွေ့ရသည်။ အပူပိုင်းဒေသတွင် ရာသီဥတုပူပြင်းသည့်ဒဏ်ကို မခံစားရစေရန်၊ ပူပြင်းမှုလျော့ကျစေရန် သစ်ပင်များစိုက်ပျိုးကြရမည်ဖြစ်သော်လည်း ချက်ပြုတ်ရေးအတွက် ထင်းလိုအပ်ချက်ကြောင့် သစ်ပင်ခုတ်လှဲမှုများရှိနေရာ ပြန်လည်အစားထိုးစိုက်ပျိုးခြင်းဖြင့် ကုစားကြရန်လိုသည်။

“ယခုဒေသတွင် လျှပ်စစ်ဓာတ်အားရရှိမှု နည်းပါးခြင်းကြောင့် ချက်ပြုတ်ခြင်းများအတွက် လိုအပ်သည့်ထင်းများကို ခုတ်ယူသုံးစွဲကြကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ရွာတစ်ရွာတွင် ထင်းစိုက်ခင်း နှစ်ဧကစီ စိုက်ပျိုးရန်အတွက် တိုက်တွန်းပြောကြားထားကြောင်း၊ မင်းဘူးခရိုင်အတွင်း ၅ မြို့နယ်၌ ကျေးရွာပေါင်း ၉၆၃ ရွာရှိကြောင်း၊ တစ်ရွာကို နှစ်ဧကနှုန်းဖြင့် စိုက်ပျိုးသွားမည်ဆိုပါက ဧက ၂၀၀၀ နီးပါး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် တစ်ခါ ထပ်မံစိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များ များစွာပေါက်ရောက်နိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အိမ်တစ်အိမ်လျှင် တစ်ပင်စီ စိုက်ပျိုးပါကလည်း မင်းဘူးခရိုင်အတွင်း အိမ်ခြေပေါင်း ၁၇၀၀၀၀ ခန့်ရှိသည့်အတွက် တစ်နှစ်တစ်ခါစိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောပေါက်ရောက်မှု များစွာတိုးတက်လာမည်ဖြစ်ကြောင်း” မင်းဘူးမြို့နယ် အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထင်းအတွက်ဖြစ်စေ၊ အခြားလိုအပ်ချက်များအရဖြစ်စေ သစ်ပင်များကို ခုတ်ယူသုံးစွဲမှုသက်သက်သာရှိပြီး ပြန်လည်စိုက်ပျိုးမှုမရှိပါက ရေရှည်တွင် သစ်တောသစ်ပင်များပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်။ သစ်ပင်ကင်းမဲ့သည့် ဒေသများသည်လည်း သဘာဝပတ်ဝန်းကျင်အခြေအနေနိမ့်ကျပြီး ကန္တာရများအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားမည်ဖြစ်သည်။ မိမိတို့နေထိုင်ရာ မြို့ရွာဒေသများ၊ ပတ်ဝန်းကျင်ဒေသများ၊ လမ်းများ၏ဝဲယာဘေးနှစ်ဖက်များ၊ လွင်တီးခေါင်နေရာများတွင် ဒေသမျိုးရင်းသစ်ပင်များကို ရှင်သန်အောင်စိုက်ပျိုးကြခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ကာ ရာသီဥတုဖောက်ပြန်မှုလျော့ပါးလာအောင် အထောက်အကူပြုကြရပါမည့်အကြောင်း။ ။




**၁၉-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၈ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၁၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၅၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၀၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၈၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၈၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၈၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၁ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ(၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

❑ *ရွှေဖုံးမှ*

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အပူပိုင်းဒေသ (၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားရာတွင် နှစ်စဉ်မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိမိကိုယ်တိုင်ဦးဆောင်၍ သစ်ပင်များစိုက်ပျိုးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဇူလိုင်လ ၁၁ ရက်နေ့ကလည်း မိတ္ထီလာခရိုင်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်၊ မြို့နယ် ၂၉ မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ယနေ့တွင် သစ်မျိုး ၇ မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင်ပါဝင်ပြီး ယခုဒေသတွင် အထူးသဖြင့် မိုးရွာသည့်ပုံစံများမှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်အတက်အကျ များလွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဒေသတွင် ရာသီဥတုပူပြင်းသည့်ဒဏ်များ မခံစားရစေရန် သစ်ပင်များ စိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်များမရှိပါက မြေဆီလွှာများပျက်သုဉ်းလာပြီး သစ်ပင်များ ရှင်သန်မှုများနည်းပါးလာပြီး ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုသို့မဖြစ်ပေါ်စေရန်အတွက် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အိမ်တစ်အိမ်လျှင် တစ်ပင်စီစိုက်ပျိုး**

သဘာဝဘေးအန္တရာယ်များသည် တားဆီး၍ မရသော်လည်း လူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လ၊ ဝီရိယထား ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များ စိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း၊ **"သစ်တစ်ပင်ကောင်းပါက ငှက်တစ်သောင်းနားခိုနိုင်သည်"** ဟု ပြောကြားကြကြောင်း၊ ကျေးငှက်သာတကာများလာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသည့် သစ်စေ့များမှ သစ်ပင်များ ထပ်မံပေါက်ရောက်၍ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေကြောင်း။

ယခုဒေသတွင် လျှပ်စစ်ဓာတ်အားရရှိမှုနည်းပါးခြင်းကြောင့် ချက်ပြုတ်ခြင်းများ အတွက်လိုအပ်သည့် ထင်းများကို ခုတ်ယူသုံးစွဲကြကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ရွာတစ်ရွာတွင် ထင်းစိုက်ခင်း ၂ ဧကစီ စိုက်ပျိုးရန်အတွက် တိုက်တွန်းပြောကြားထားကြောင်း၊ မင်းဘူးခရိုင်အတွင်း ၅ မြို့နယ်၌ ကျေးရွာပေါင်း ၉၆၃ ရွာရှိကြောင်း၊ တစ်ရွာကို ၂ ဧကနှုန်းဖြင့် စိုက်ပျိုးသွားမည်ဆိုပါက ဧက ၂၀၀၀ နီးပါး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင်တစ်ခါ ထပ်မံစိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များ များစွာပေါက်ရောက်နိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အိမ်တစ်အိမ်လျှင် တစ်ပင်စီစိုက်ပျိုးပါကလည်း မင်းဘူးခရိုင်အတွင်း အိမ်ခြေပေါင်း ၁၇၀၀၀၀ ခန့် ရှိသည့်အတွက်တစ်နှစ်တစ်ခါ စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောပေါက်ရောက်မှုများစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခင်ကတည်းက ယခုကဲ့သို့ စိုက်ပျိုးဆောင်ရွက်ခဲ့မည်ဆိုပါက ယခုဒေသတွင် ရာသီဥတုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**တိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိတော့သည့်အတွက် ၇ ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ သစ်တောဖုံးလွှမ်းမှုအား ၅၀ ရာခိုင်နှုန်းခန့် တိုးတက်စေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း ပျိုးပင်ပေါင်း ၁၆ ဒသမ ၂၇ သန်း စိုက်ပျိုးခဲ့သည်ကို အစီရင်ခံစာအရ သိရှိရကြောင်း၊ ယခုအခါတွင်လည်း အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ – ၂၀၂၆ မှ ၂၀၂၉–၂၀၃၀ အထိ ၅ နှစ်စီမံကိန်းတွင် ပျိုးပင်များထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်ထားရှိကြောင်း၊ ထို့ကြောင့် အဆိုပါစိုက်ပျိုးသည့်အပင်များ အောင်မြင်အောင်စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုများကိုလည်း လျော့ပါးလာစေမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲယာ၌ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဧရိယာ၌ အရိပ်ရလေကာပင်များအား စိုက်ပျိုးသွားရန်နှင့် ၅ ဧက၊ ၁၀ ဧက စသည့်သစ်တောငယ်များ တည်ထောင်နိုင်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုမင်းဘူးဒေသမှ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသစိမ်းလန်းစိုပြည်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တမာပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

❖ **အပူပိုင်းဒေသ ၁၃ ခရိုင်၊ မြို့နယ် ၂၉ မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့**

❖ **ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့၊ ထို့ကြောင့် ယခုဒေသတွင် ရာသီဥတုပူပြင်းသည့်ဒဏ်များ မခံစားရစေရန် သစ်ပင်များစိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ၆ ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများနှင့် ယနေ့ နံနက်ပိုင်းတွင် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ရှိ ဦးဩဘာသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ၆ ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိကသီးနှံများအား ပန်းတိုင်အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဝါစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ မြို့နယ်အလိုက် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်းဘူးခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်ဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိုးရာသီကာလအတွင်း ရှင်သန်ဖြစ်ထွန်းစေရေး စတင်စိုက်ပျိုးစဉ်ကပင် စနစ်တကျစိုက်ပျိုးရန်နှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းကြသူများအနေဖြင့်လည်း သစ်ပင်များအမြစ်တွယ် ရှင်သန်စေရန်အတွက် စနစ်တကျ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုစိုက်ပျိုးခဲ့သည့်အကျိုးကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် အမွေကောင်းများ ပေးအပ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်းသည် မိမိတို့ဒေသအတွက် ကောင်းမွန်သည့်မင်္ဂလာရှိသည့် အခမ်းအနားတစ်ခုဖြစ်သည့်အတွက် တက်ရောက်စိုက်ပျိုးကြသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က တမာပျိုးပင်အား သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒုတိယဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဖျောက်ဆိပ်၊ ပိတောက်၊ ယင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက် စသည့်သစ်မျိုး ၆ မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အနေဖြင့် မင်းဘူးမြို့တွင် သောက်သုံးရေများ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်ပေးမှု၊ ဘိုးဘွားရိပ်သာပြုပြင်ဆောင်ရွက်ပေးမှုနှင့် မင်းဘူးမြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်လှူဒါန်းပေးခဲ့မှု၊ လမ်းများပြုပြင်ဆောင်ရွက်ပေးခဲ့မှုများအပေါ် မြို့သူမြို့သားများ ကိုယ်စားကျေးဇူးတင်ရှိမှု၊ မင်းဘူးမြို့၌ ကောလိပ်တစ်ခု တည်ဆောက်ပေးစေလိုမှု၊ မြစ်ရေတင်လုပ်ငန်းအတွက် အရန်စက်တစ်လုံးထားရှိပေးစေလိုမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ရရှိသဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်းတို့က မင်းဘူးဒေသနှင့် ကိုက်ညီသည့်စပါးမျိုးကို စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဝန်ကြီးဌာနမှ ကွင်းဆင်း ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိကာ အထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးများ စိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီးအစိုးရနှင့် စိုက်ပျိုးရေးတောင်သူများက ဆောင်ရွက်သွားရန်လိုအပ်မှု၊ မင်းဘူးဒေသအတွင်း ပန်းတိုင်အထွက်နှုန်း ကောင်းမွန်လျက်ရှိပြီး ဆက်လက်၍ တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုမှု၊ မင်းဘူးဒေသတွင် စပျစ်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဈေးကွက်လိုအပ်ချက်များအပေါ် မူတည်၍ ပိုမိုတိုးချဲ့စိုက်ပျိုးသွားနိုင်ရန်လိုအပ်မှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်သွားစေလိုမှု၊ ဒေသအတွက်လိုအပ်သည့်လူသားအရင်းအမြစ်များ ရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးနိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိမှု၊ သဲကန္တာရမဖြစ်ပေါ်စေရေး စိမ်းလန်းစိုပြည်ရေး အလေးထားဆောင်ရွက်သွားရန်လိုအပ်မှု၊ မင်းဘူးခရိုင်အတွင်း ဝါးကို အခြေခံသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုနှင့်စက်ပစ္စည်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကမ်းနီမြစ်ရေတင်စီမံကိန်းအား နေရောင်ခြည်စွမ်းအင်ဖြင့် ဆောင်ရွက်လျက်ရှိမှုနှင့် အရန်ရေတင်စက်အသင့်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များတွင် မင်းဘူးကားလမ်းတိုးချဲ့ပေးရေး၊ တက္ကသိုလ်ကောလိပ်များ




**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ၆ ဘာသာဂုဏ်ထူးရှင် မြန်မာတစ်နိုင်ငံလုံး ပထမ (The Whole Myanmar First) ရရှိခဲ့သည့် မောင်ဂျူးသက်ကိုအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။**

တိုးချဲ့တည်ဆောက်ပေးရေးကို တင်ပြခဲ့ကြကြောင်း၊ တက္ကသိုလ်ကောလိပ်များကို ဖွင့်လှစ်ရန်အတွက် ခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများကို တွက်ချက်ကြည့်ရန်လိုကြောင်း၊ မင်းဘူးဒေသတွင် တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးစီးသည့် သူများအတွက် Polytechnic ကျောင်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကျောင်းများတွင် တက်ရောက်ကြသူများ နည်းပါးသည်ကိုတွေ့ရကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး၌ အဆင့်မြင့်ပညာကျောင်းများ ဖွင့်လှစ်ရန်ရည်ရွယ်ချက်ရှိပြီးဖြစ်ကြောင်း၊ အချို့တက္ကသိုလ်နှင့်ကောလိပ်များ၌ ကျောင်းတက်ရောက်သူများ နည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ Polytechnic တက္ကသိုလ်များကို ဆက်လက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကွန်ပျူတာ၊ နည်းပညာနှင့် အခြားသင်ကြား၍ရသည့် ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

လမ်းများတိုးချဲ့ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များ အတိုင်းဖြစ်စေရေး သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာ၌ အိမ်ဆိုင်များ ဆောက်လုပ် ရောင်းချလျက်ရှိမှုကြောင့် သွားလာမှုအတွက် အနှောင့်အယှက်များ ဖြစ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ထားသည့်အိမ်ဆိုင်များနှင့် ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မင်းဘူးမြို့သည် သမိုင်းအစဉ်အလာများရှိခဲ့သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ အကျော်အမော်များ၊ ယဉ်ကျေးမှုအမွေအနှစ်များရှိခဲ့သည့် မြို့ဖြစ်ကြောင်း၊ မြန်မာစာပေသမိုင်းတွင် ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်တော်ကြီး ၈ ဘွဲ့ကို နောင်လာနောက်သားများ အတုယူရအောင် စကားပြေနှင့်ရေးသားတော်မူခဲ့သည့် ဆရာတော် ဦးဩဘာသသည် မင်းဘူးနယ်သား ထင်ရှားသည့် စာဆိုကျော်တစ်ဦးဖြစ်သည်ဆိုတာ ဂုဏ်ယူဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အသက်ပေးတာဝန်ထမ်းဆောင်သွားခဲ့သည့် အာဇာနည် ၉ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည့် အတွင်းဝန် ဦးအုန်းမောင်သည်လည်း မင်းဘူးမြို့သား တစ်ဦးဖြစ်သည်ကို သိရှိကြပြီးဖြစ်ကြောင်း။

ယခုအခါ မင်းဘူးဒေသသည် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပြီး ဆက်လက် ထိန်းသိမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်ရန်လိုကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်ကုန်များ ပိုမိုတိုးတက်ရရှိရေး တစ်ဧကပန်းတိုင်အထွက်နှုန်းအတိုင်းရရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်မှ ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် ဒေသတိုးတက်ရေးအတွက် လက်တွေ့ကျသည့်၊ ဖြစ်နိုင်သည့်ကိစ္စရပ်များကို ကြိုတင် တွေးခေါ်မြော်မြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသအကျိုးအတွက် အမှန်တကယ်ချစ်မြတ်နိုးသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်သည့်သူ ဖြစ်ရန်လိုကြောင်း။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များအလိုက် အဆင့်ဆင့်အုပ်ချုပ်ကြရပြီး သက်ဆိုင်ရာအဆင့်အလိုက် လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့်မူဝါဒများအတိုင်း လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ဒေသအတွက် အမှန်တကယ်အကျိုးရှိမည်ဆိုပါက အဆင့်ဆင့်တင်ပြ၍ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထက်ဝက်ကျော်ခန့်မှာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေး တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်မိမိတို့ဒေသ၏အကြောင်းအရာများကို သိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးကြရန်လိုကြောင်း။

မင်းဘူးခရိုင်အနေဖြင့် ဆန်ဖူလုံမှုရှိသော်လည်း စေတုတ္တရာမြို့နယ်တွင် ဆန်ဖူလုံမှုလျော့နည်းလျက်ရှိကြောင်း၊ ယခုထက်ပိုမိုကောင်းမွန်ပြီး အထွက်နှုန်း ပိုမိုကောင်းမွန်သည့် စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူဆန်စက်လုပ်ငန်းများ ကောင်းမွန်နေရန်လည်း လိုကြောင်း၊ ဆန်စက်များမှ ထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲများဖြင့် တိရစ္ဆာန်အစာများ ပြုလုပ်၍ရကြောင်း၊ ဆီထွက်သီးနှံများမှ နှမ်းဆီ၊ ပဲဆီများ ထုတ်လုပ်နိုင်သဖြင့် တန်ဖိုးရှိသည့် ထုတ်ကုန်များအတွက် ထုတ်လုပ်သွားရန်လိုကြောင်း၊ ဆီစက်များမှထွက်ရှိသည့် နှမ်းဖတ်၊ ပဲဖတ်များဖြင့်လည်း တိရစ္ဆာန်အစာများထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း၌ မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ ရှိစေရေး ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေးဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာတတ်များ ပေါများမှသာ အတတ်ပညာများ ပိုမိုတတ်ကျွမ်းလာမည်ဖြစ်ကြောင်း။

## အခြားထုတ်ကုန်များကို ထုတ်လုပ်

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မင်းဘူးခရိုင်သည် ဝါစိုက်ပျိုးသည့် ခရိုင်များတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို စံပြအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ကြက်သွန်များအား ရေရှည်သိုလှောင်အသုံးပြုနိုင်သည့် စည်သွတ်ဘူးများနှင့် အခြားထုတ်ကုန်များကို ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ သိုးများကို မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မင်းဘူးဒေသသည် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိအနေဖြင့် လုပ်ငန်းများပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးပြောကြားခြင်းဖြစ်ကြောင်း။

မင်းဘူးဒေသတွင် ဝါးများ များစွာထွက်ရှိကြောင်း၊ ဝါးဖြင့် ပြုလုပ်သည့် ကုန်ချောပစ္စည်းများနှင့် စက္ကူများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသတွင် ဝါးကို ပျော့ဖတ်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် လိုကြောင်း၊ ဆီထွက်သီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုအား ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် အကြံပြုပြောကြားလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ယခုအခါတွင်လည်း မင်းဘူးမြို့နယ်မှ တက္ကသိုလ်ဝင်တန်းတွင် ဝင်ရောက်ဖြေဆိုသူ မောင်ဂျူးသက်ကိုသည် သုံးနှစ်ဆက်တိုက် လူရည်ချွန်သုံးထပ်ကွမ်း ဖြစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ၆ ဘာသာဂုဏ်ထူးရရှိပြီး မြန်မာတစ်နိုင်ငံလုံးပထမ (The Whole Myanmar First) ရရှိခဲ့သည့်အတွက်လည်း မိမိအနေဖြင့် ဂုဏ်ယူပါကြောင်း၊ အလားတူ ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦးဖြစ်သည့် မဟန်နွယ်မိုးဇင်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာကိုလည်း ဆက်လက် ထိန်းသိမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ အောင်မြင်မှုအသီးအပွင့်များကိုလည်း ဆက်လက်ခံစားကြရပါစေကြောင်း ဆုမွန်တောင်းစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ၆ ဘာသာဂုဏ်ထူးရှင် မြန်မာတစ်နိုင်ငံလုံးပထမ (The Whole Myanmar First) ရရှိခဲ့သည့် မောင်ဂျူး သက်ကိုနှင့် ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦးဖြစ်သည့် မဟန်နွယ်မိုးဇင်တို့အား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ပညာရည်မြင့်မားရေး ဒေသခံများဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် ပညာတတ်များပေါ်များမှသာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည်

နေပြည်တော် ဩဂုတ် ၁၉

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှနှင့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ချောက်မြို့နှင့် ရေနံချောင်းမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆွေးနွေးပြောကြားသည်။**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ချောက်မြို့ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်မည့် မြေနေရာသို့ ရောက်ရှိကြရာ ချောက်ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မြေပြုပြင်ခြင်းနှင့် မြေသားစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွယ်တော်မြတ် စေတီတော်ကြီးအား စေတီတည်ဆောက်ရာတွင် သတ်မှတ်ထားသည့် အချိုးအစားများအတိုင်း စနစ်တကျတည်ဆောက်သွားကြရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**သီးခြားစီတွေ့ဆုံ**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး၌လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ရေနံချောင်းမြို့ စွမ်းအင်ရိပ်သာရှိ ခန်းမ၌ လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား တွေ့ဆုံဆွေးနွေး ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာ ချောက်ခရိုင် အုပ်ချုပ်ရေးမှူးက ချောက်ခရိုင်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စွယ်တော်မြတ်စေတီ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ချောက်မြို့သို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့ရှိ ကားကြီးကွင်းမြေနေရာနှင့် ခရီးသွားကားကြီးကွင်းမြေနေရာတို့အား စနစ်တကျဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြေအောက်ရေ ထိန်းသိမ်းရေးနှင့် မြို့ရေပေးဝေရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ချောက်မြို့ရှိ မြို့မိမြို့ဖများက ချောက်မြို့ရှိ ပြည်သူ့ဆေးရုံအား အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးစေလိုမှု၊ မိုးလုံလေလုံ အားကစားခန်းမ လိုအပ်လျက်ရှိမှု၊ ပူပြင်းခြောက်သွေ့သည့် ချောက်မြို့တွင် ပူပြင်းသည့်ကာလ၌ အပူရှောင်နိုင်သည့် စွယ်တော်မြတ်စေတီတည်ထားကိုးကွယ်ရန် စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ချောက်မြို့သူမြို့သားများအနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ ရေနံမြေဧရိယာအတွင်း ဆောက်လုပ်ထားသည့် နေအိမ်များနှင့် ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ရပ်မိရပ်ဖများက ရေနံချောင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမ လိုအပ်လျက်ရှိမှု၊ ရေနံချောင်း စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလိုအပ်ချက်များ၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ခံတစ်ခုတည်ဆောက်ပေးစေလိုမှုနှင့် မြစ်ကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစေလိုမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရေနံမြေဧရိယာအတွင်းရှိ နေအိမ်များနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယာမြေများအား မြစ်ရေတင် စီမံကိန်းများဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ရေနံချောင်းဒေသအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းအား ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သုတေသနပြု ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ်က ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ် အတွင်း ယခုနှစ် မိုးရာသီတွင် မိုးကောင်းစွာ ရွာသွန်းမှုကြောင့် သီးနှံများ စိုက်ပျိုးမှုကို ပိုမိုဖြစ်ထွန်းစေမှု၊ မြစ်ရေတင်လုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**စီမံဆောင်ရွက်ပေးခဲ့**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြီးခဲ့သည့်ကာလ ရောက်ရှိချိန်၌ ချောက်မြို့နယ်အတွင်း အပူဒဏ်ခံစားရမှုကို လျှော့ချနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ လာရောက်ခဲ့ခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာအေးချမ်းရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့”**၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့”** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း။

နောက်ဆုံးအချက်ဖြစ်သည့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့”** ဆိုသည့်ဆောင်ပုဒ်အတိုင်း ချောက်ဒေသနှင့် ရေနံချောင်းဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းနေထိုင်သူများကလည်း မဖြစ်မနေပါဝင်

*စာမျက်နှာ ၇ သို့*

**◆ ရေနံမြေဧရိယာအတွင်းရှိ နေအိမ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်၊ ယာမြေများအား မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်၊ ရေနံချောင်းဒေသ အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းအား ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သုတေသနပြု ဆောင်ရွက်ပေးသွားမည်ဖြစ်**

*စာမျက်နှာ ၆ မှ*

ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧက စိုက်ပျိုးရန် သတ်မှတ်ထားပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်များ ထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့သစ်ပင်များစိုက်ပျိုးမှုကြောင့် အရိပ်အာဝါသများ ရရှိနိုင်မည်ဖြစ်ပြီး အပူဒဏ်ကို ထိုက်သင့်သလောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီ မကုန်ဆုံးမီ ကာလအတွင်း ရပ်ကွက်အလိုက်၊ လမ်းအလိုက် သစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြစေလိုကြောင်း။

**ဆန်ဖူလုံအောင်ဆောင်ရွက်**

စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိရေး နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း ဆန်ဖူလုံမှုများ ရှိလာမည်ဖြစ်ပြီး အခြားယာမြေများတွင် စိုက်ပျိုးသည့် သီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း ဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဖူလုံစွာ ထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသစီးပွားရေးကို များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ပစ္စည်းများအား အခြားဒေသသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွက် ဝင်ငွေများရရှိစေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးများစွာဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ နေ့စဉ်လူမှုဘဝအတွက် အသိပညာ၊ အတတ်ပညာများ ရှိရန်လိုကြောင်း၊ အတန်းပညာများ တတ်မြောက်မှသာ အသိပညာ၊ အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ လေ့လာမှုမှ အသိပညာ အတတ်ပညာကို ရရှိနိုင်သော်လည်း အတန်းပညာကို တတ်မြောက်ထားမည် ဆိုပါက ပိုမိုသိရှိနားလည်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုသကဲ့သို့ တန်းစဉ် ကူးပြောင်းမှုများ လျော့နည်းမှု မရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ပညာရည် မြင့်မားရေး ဒေသခံများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ပညာတတ်များပေါ်များမှသာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**ဒုတိယမိဘများဖြစ်**

အခြေခံပညာကျောင်းများ၌ **"အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း ကျောင်းတက်ရောက်မှု အပေါ်မူတည်၍ တစ်ဦးချင်း၏ စိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုများမှာ ကွာခြားသွားကြကြောင်း၊ ဆရာ ဆရာမများသည် ဒုတိယမိဘများဖြစ်ကြကြောင်း၊ ထို့ကြောင့် မိမိတို့သားသမီးများ၏ အနာဂတ်များ ကောင်းမွန်စေရေး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားပေးကြစေလိုကြောင်း၊ ပညာတတ်များ ဖြစ်မှသာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူငယ်များအဖြစ် ရောက်ရှိမည်ဖြစ်ပြီး မိမိတို့ဘဝရပ်တည်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဒေသတွင်းနေထိုင်ကြသူများအနေဖြင့် အသိစိတ်ရှိရှိဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

**အမှန်တကယ်**
**ဆောင်ရွက်နိုင်သူများရွေးချယ်**

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ ပထမအသုတ်ကို ခရိုင်မြို့ကြီးများနှင့် နီးစပ်သည့် မြို့များတွင် စတင်ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မှန်မှန်ကန်ကန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒီမိုကရေစီတွင် အရေးကြီးဆုံးမှာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်တွင် အနိုင်ရရှိသည့် အစိုးရအဖွဲ့အား နိုင်ငံတော် တာဝန်များကို လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံ၏အကျိုး၊ ဒေသ၏ အကျိုးအတွက် အမှန်တကယ်ဆောင်ရွက်ပေးနိုင်သူများကိုသာ ရွေးချယ်ကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားများ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများ အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အောက်ပုံ)



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် ယခင် ရွေးကောက်ပွဲများနှင့်မတူသည့် အချက်သုံးချက်ရှိကြောင်း၊ ပထမဆုံးအချက်မှာ ရွေးကောက်ပွဲစနစ်ဖြစ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP)ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး ယခုသင်တန်းတွင် အသေးစိတ်ဆွေးနွေး ပို့ချပေးမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် မဲပေးသည့်စနစ်ဖြစ်ပြီး ကြိုတင်မဲများမှလွဲ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများတွင် မဲပေးရာ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်များဖြင့် ခလုတ်နှိပ်မဲပေးရမည် ဖြစ်ကြောင်း၊ နောက်တစ်ချက်အနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်ပုံစံဖြစ်ပြီး ရွေးကောက်ပွဲကို အပိုင်းများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သို့ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ထားကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် မိမိတို့အတွက် အားဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများအနေဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ကို ယုံကြည်ပါကြောင်း၊ အတူလက်တွဲပြီး ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းကို ဩဂုတ် ၁၉ရက်မှ ၂၁ရက် အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဗီဒီယိုကွန်ဖရင့် မှတစ်ဆင့် တက်ရောက်သည့် သင်တန်းသား သင်တန်းသူများ အပါအဝင် စုစုပေါင်း ၂၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မော်လမြိုင်ကျွန်းမြို့နယ်၌ ပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်အတွင်းရှိ ပြည်သူများသို့ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းကို ယမန်နေ့က အမှတ် (၄) ရပ်ကွက် အောင်ဇေယျလမ်းရှိ အားကစားခန်းမသစ်၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသီဟန်စိုးက ရွေးကောက်ပွဲတွင် မဲပေးစက်ဖြင့် မဲပေးနိုင်ရေးဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရန်မျိုးအောင်က မဲပေးစက်ဖြင့် မဲပေးနည်းစနစ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းကို လက်တွေ့လုပ်ဆောင်ကြသည်။ မြို့နယ်အတွင်း ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ပြည်သူများအား အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ဩဂုတ် ၁၈ ရက်မှ ၂၆ ရက်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲကိုမောင်
(ပြန်/ဆက်)

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဩဂုတ် ၁၇ ရက်တွင် ကျင်းပသည့် နှစ်(၈၀) ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ (The 80th Anniversary of the Traditional Day of the Viet Nam People's Public Security) အခမ်းအနားသို့ တက်ရောက်ရန် ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။



**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ဟိုချီမင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး H.E. Mr. To Lam နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang နှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့(The 80th Anniversary of the Traditional Day of the Viet Nam People's Public Security) အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဗီယက်နမ်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

**ပြည်သူ့ရဲအကယ်ဒမီလေ့လာ**

ဩဂုတ် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲအကယ်ဒမီသို့ သွားရောက်လေ့လာခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ နှစ်(၈၀)ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ရန် စာပေနှင့်ယဉ်ကျေးမှုများကို မြှင့်တင်ပေးရန်လို

ထားဝယ် ဩဂုတ် ၁၉

**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် တွေ့ဆုံသည်။**(အောက်ပုံ)

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားဒေသများတွင် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် ယာယီနေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများကို ပန်းခင်းစီမံချက်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရိုးရာပွဲတော် အခမ်းအနားများ ကျင်းပဆောင်ရွက်မှုအခြေအနေများနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် တိုင်းရင်းသားဘာသာသင် TA/ LT ဆရာ ဆရာမများအား ထောက်ပံ့ပေးနိုင်ရေးတို့ကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံးသည် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အေးချမ်းသာယာပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ပညာရေးကိစ္စရပ်များ၊ စာပေနှင့် ယဉ်ကျေးမှုများကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု နည်းစနစ်များဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော ပြည်သူ့ရေးရာ အုပ်ချုပ်မှုစနစ်များကို ဖော်ဆောင်ပေးရန်လိုအပ်ပါကြောင်း အမှာစကားပြောကြားသည်။




ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထားဝယ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသား တိုင်းရင်းသူများက ထားဝယ်ရိုးရာ ရေအိုးရွက်အကနှင့် ရိုးရာယဉ်ကျေးမှုအကတို့ဖြင့် တင်ဆက်ဖျော်ဖြေကြကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဆုချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုသိမ်မြို့၌ မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**ပုသိမ် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က ရပ်ကွက်အသီးသီးတွင် ဆောင်ရွက်ခဲ့သည်။

ပုသိမ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အဖွဲ့လေးဖွဲ့ခွဲကာ နံနက်ပိုင်းတွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ် (၇) ရပ်ကွက်များသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်များသို့လည်းကောင်း ကွင်းဆင်း၍ ပြည်သူများအား မဲပေးစက်ဆိုင်ရာများ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြရာ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ပုသိမ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဩဂုတ် ၁၈ ရက်မှ ၃၀ ရက်အထိ တိုက်နယ်အလိုက်ကွင်းဆင်း၍ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်ပတ်သက်၍ သတင်းမှန်သိရှိနိုင်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-ထိုင်း ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း(သံအမတ်ကြီး-ငြိမ်း)နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုတိုးမြှင့်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး စသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်ပတ်သက်၍ သတင်းမှန် သိရှိနိုင်ရေးဆိုင်ရာများ၊ မြန်မာ – ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆက်လက်ဆောင်ရွက် မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံပြည်သူများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေး ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင် သည် မြန်မာ- ထိုင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ တွေ့ဆုံဆွေးနွေး သည်။(ဓာတ်ပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ထိုင်း ချစ်ကြည်ရေး အသင်းအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှု ဆိုင်ရာ လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကြိုးပမ်း ဆောင်ရွက်မှုအပေါ် အသိအမှတ် ပြုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း နှစ်နိုင်ငံ ပြည်သူ များ နယ်စပ်ဒေသများမှ ဝင်ထွက် မှုအဆင်ပြေစေရေး၊ နှစ်နိုင်ငံ ပြည်သူများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင် ပြေစေရေးအတွက် ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမား များ ကူညီစောင့်ရှောက်ရေးနှင့် နေခွင့်ဆိုင်ရာ ကိစ္စရပ်များကို လည်း သက်ဆိုင်ရာဆက်စပ်ဌာန များနှင့်ပူးပေါင်းကာ ထိုင်းနိုင်ငံ အတွင်း စခန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း အနေဖြင့် ဝန်ကြီးဌာနနှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များရှိပါက ပွင့်ပွင့် လင်းလင်း ရှင်းလင်းပြောကြား ရန်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ရှင်းလင်းပြောကြား သည်။



ထို့နောက် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက မြန်မာ-ထိုင်း ချစ်ကြည်ရေး အသင်း ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်း ထားရှိမှု၊ လက်ရှိလုပ်ငန်းဆောင် ရွက်မှုအခြေအနေများကို လည်း ကောင်း၊ အဖွဲ့ဝင်များက နှစ်နိုင်ငံ အကျိုးအတွက် နှစ်နိုင်ငံအသင်း တာဝန်ရှိသူများ ပူးပေါင်းဆောင် ရွက်နေမှု၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမား များ ကူညီစောင့်ရှောက်ရေး အတွက် ကြိုးပမ်းဆောင်ရွက် နေမှုနှင့် ဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းစဉ်အပေါ် ကူညီ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေ များကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက ရှင်းလင်းတင်ပြချက် များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အသင်း ၏ လုပ်ငန်းဆောင်ရွက်ချက်များ အပေါ် ဝန်ကြီးဌာနနှင့် ပတ်သက် သည်များကို လုပ်ထုံးလုပ်နည်းနှင့် အညီ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ချင်းပြည်နယ် ဟားခါးမြို့၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား သုံးလစာ ထောက်ပံ့ပေးအပ်

**ဟားခါး ဩဂုတ် ၁၉**

ဟားခါးမြို့နယ်သို့ ရောက်ရှိနေ သည့် ယာယီနေရပ်စွန့်ခွာပြည်သူ များအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ပိုင်းက ဟားခါးမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများနှင့် ယာယီနေရပ် စွန့်ခွာပြည်သူများ တက်ရောက် ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ထောက်ပံ့ပေးခြင်းသည် ယာယီနေရပ်စွန့်ခွာ ပြည်သူများ အတွက် တစ်ဖက်တစ်လမ်း မှ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း အဖွင့်အမှာ စကားပြောကြားပြီး(ဓာတ်ပုံ) ပြည်နယ် တရားလွှတ်တော် တရားသူကြီး ချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အားပေးစကား ပြောကြားကြသည်။

ထို့နောက် ယာယီနေရပ် စွန့်ခွာပြည်သူများ၏ မေးမြန်း တင်ပြချက်များကို ပြန်လည် ဖြေကြားကြပြီး ဧပြီ၊ မေနှင့် ဇွန်လ သုံးလစာအတွက် ယာယီနေရပ် စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ခြောက်သောင်းနှုန်းဖြင့် ထောက်ပံ့ ငွေများပေးအပ်ကြခဲ့ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**ဆိပ်ကြီးခနောင်တို ဩဂုတ် ၁၉**

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ် ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ယနေ့နံနက်က ဆိပ်ကြီး ခနောင်တိုမြို့နယ် အမှတ်(၁၀)အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာဟောပြောပွဲတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးဝင်းသိန်းက အမှာစကားပြော ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ဦးက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပြုလုပ် ရခြင်း၏ ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဗဟုသုတန်နှင့်ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ဖြစ်စေရေး အသိပညာပေးဟောပြောသည်။

**စိတ်ပါဝင်စားစွာ ကြည့်ရှု**

ယင်းနောက် ကျောင်းခန်းမတွင် ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို အခမ်း အနားတက်ရောက်လာသည့် မြို့နယ်တာဝန်ရှိသူများ၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

# အတိတ်သင်ခန်းစာများယူ၊ လွတ်လပ်၍ တရားမျှတ၊ ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်အောင် အားလုံးဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်

မောင်ငြိမ်းအေး

ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှုသမိုင်းကြောင်းကို ပြန်ပြောင်းစေ့ငုကြည့်လျှင် ၂၀ ရာစုနှစ်အစက ဒီမိုကရေစီနိုင်ငံဟူ၍ လက်တစ်ဆုပ်စာသာရှိခဲ့သည်။ ပထမကမ္ဘာစစ်ပြီးသောအခါ ဒီမိုကရေစီနိုင်ငံ အရေအတွက်တိုးလာသည်။ ဒုတိယကမ္ဘာစစ်ပြီးသောအခါ ထိုထက်ပိုများလာသည်။ စစ်အေးကာလပြီးသောအခါပို၍ပို၍များလာသည်။ ၂၁ ရာစုအစပိုင်းသို့ ရောက်သောအခါ ဒီမိုကရေစီနိုင်ငံဟုခေါ်ဆိုလောက်သည့် နိုင်ငံပေါင်း ၉၀ ခန့်ရှိလာသည်။ The Economist Intelligence Unit (EIU)၏ ၂၀၂၀ စာရင်းအရ ကမ္ဘာပေါ်တွင် ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံပေါင်း ၁၁၀ ရှိသည်ဟု သိရသည်။

အဆိုပါစာရင်းတွင် ဒီမိုကရေစီပြည့်ဝသောနိုင်ငံ၊ တစ်ဝက်တစ်ပျက်ရှိသောနိုင်ငံနှင့် ချို့ယွင်းပျက်ကွက်သော နိုင်ငံများလည်းပါဝင်သည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့နိုင်ငံအများစုသည် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများဖြစ်ကြသည်။ ထိုကဲ့သို့ ကာလအပိုင်းအခြားအလျောက် ဒီမိုကရေစီနိုင်ငံများ ပိုမိုများပြားလာသည်ဆိုသော်လည်း ဒီမိုကရေစီနိုင်ငံအဆင့်မှ ပြန်လည်လျော့ကျသွားသော နိုင်ငံများလည်းရှိသည်။ သို့သော် သိသိသာသာ လျော့ကျသွားခြင်းတော့ မဟုတ်ပေ။ ဒီမိုကရေစီ၏ ကျင့်ဝတ်စံနှုန်းများအရ၊ ဒီမိုကရေစီ၏ လွတ်လပ်ခွင့်၊ ရပိုင်ခွင့်များအရ ပြည်သူအများစုက နှစ်သက်လက်ခံကြသည်မှာတော့ အမှန်ဖြစ်သည်။

### ဥပဒေလေးစားလိုက်နာ

နိုင်ငံတကာက အသိအမှတ်ပြုလက်ခံထားသော ဒီမိုကရေစီစံနှုန်းများမှာ (၁) နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ခွင့်ရှိရမည်။ (၂) သာတူညီမျှရှိစေရမည်။ (၃) နိုင်ငံရေးဆိုင်ရာ သည်းခံစိတ်ထားရှိရမည်။ (၄) တာဝန်ယူမှု ရှိရမည်။ (၅) ရိုးသားပွင့်လင်းမှုနှင့် ထင်သာမြင်သာရှိစေရမည်။ (၆) ပုံမှန်လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးချယ်တင်မြှောက်ခွင့် ရှိရမည်။ (၇) စီးပွားရေးလွတ်လပ်ခွင့်ရှိရမည်။ (၈) အာဏာအလွဲသုံးစားလုပ်မှုများ၊ မတော်မတရား အသုံးပြုမှုများကို ထိန်းချုပ်ရမည်။ (၉) လူ့အခွင့်အရေးကြေညာစာတမ်းများ ထုတ်ပြန်ထားရှိရမည်။ (၁၀) ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်ထားသောရလဒ်များအား လက်ခံနိုင်ရမည်။ (၁၁) လူ့အခွင့်အရေးထိန်းသိမ်းရမည်။ (၁၂) ပါတီစုံစနစ် ကျင့်သုံးရမည်။ (၁၃) ဥပဒေကို လေးစားလိုက်နာကြရမည် တို့ဖြစ်သည်။

ဒီမိုကရေစီစနစ်သည် လူထုကိုအခြေခံခြင်း၊ လွတ်လပ်ခွင့်နှင့် တရားမျှတမှုတို့ကို ဖော်ဆောင်နိုင်ခြင်း၊ အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်းကဲ့သို့သော အကျိုးကျေးဇူးများရှိသဖြင့် နိုင်ငံအများစုက ကျင့်သုံးကြသည်ကို တွေ့ရသည်။ ယင်းစနစ်သည် လူထုကိုအခြေခံသော အုပ်ချုပ်ရေးစနစ်ဖြစ်၍ ပြည်သူလူထုပါဝင်ဆောင်ရွက်မှုနှင့် ပြည်သူလူထု၏ အလေ့အထများသည် ဒီမိုကရေစီစနစ်၏ အခြေခံအစိတ်အပိုင်းများဖြစ်သည်။ ပြည်သူလူထုအတွင်း ဒီမိုကရေစီယဉ်ကျေးမှု ခိုင်မာလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာခြင်းနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ တည်ငြိမ်အေးချမ်းမှုများရရှိရန် လူတစ်ဦးချင်းစီတွင် ကောင်းမြတ်သည့်စိတ်ထား၊ ကျင့်ဝတ်များကို လိုက်နာကြရန်လိုပါသည်။ ကိုယ်စီလိုက်နာကျင့်ကြံကြမှသာ ဒီမိုကရေစီ အကျိုးရလဒ်များကို ခံစားနိုင်မည်ဖြစ်သည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီသမိုင်းကြောင်းကို ပြန်ကြည့်လျှင် မြန်မာဘုရင်လက်ထက်က လွှတ်တော်အခင်းအကျင်းရှိသော်လည်း ပဒေသရာဇ်စနစ်သာ ဖြစ်သည်။ အင်္ဂလိပ်အုပ်ချုပ်စဉ်အခါကလည်း မြန်မာပြည်အုပ်ချုပ်ရေးကို လွှတ်တော်ပုံစံဖြင့် သွားခဲ့သော်လည်း ကိုလိုနီစနစ်သာဖြစ်သည်။ ကိုလိုနီခေတ်လွှတ်တော်စနစ်ဖြင့် သွားခဲ့သောကြောင့် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခါနီး၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါလီမန်ဒီမိုကရေစီစနစ် တည်ဆောက်ရန် ရေးဆွဲခဲ့သည်။ ၁၉၄၈ ခုနှစ်မှစတင်၍ ပါလီမန်ဒီမိုကရေစီခေတ်ကို ဖ.ဆ.ပ.လ အများစု အနိုင်ရပါတီမှဦးဆောင်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာကို ရယူခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကာ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။

ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ဖြင့် ၁၄ နှစ်ကြာ အုပ်ချုပ်ခဲ့ပြီး အခြေခံသဘောတရား အားနည်းမှု၊ လက်တွေ့အကောင်အထည်ဖော်မှု အားနည်းမှု၊ တံခါးပိတ်စီးပွားရေးဝါဒ ကျင့်သုံးမှုတို့ကြောင့် ပြည်သူလူထု ဆင်းရဲမွဲတေကာ စားဝတ်နေရေး ကျပ်တည်းမှုမှတစ်ဆင့် အထွေထွေမကျေနပ်မှုများ ဖြစ်ပေါ်ပြီး ၁၉၈၈ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပျက်သုဉ်းခဲ့သည်။ တပ်မတော်က ယိုယွင်းပျက်ပြားနေသောနိုင်ငံတော်ကို ထိန်းသိမ်းရန် အာဏာလွှဲယူခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ပြည်သူများဆန္ဒပြင်းပြခဲ့သဖြင့် ၁၉၉၀ ပြည့်နှစ်တွင် လွတ်လပ်၍ တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ မရေးဆွဲထားသဖြင့် ခရီးမပေါက်ခဲ့ပေ။ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့သည်။ ဥပဒေရေးဆွဲရန် လိုအပ်ချက်သုံးလဖြစ်သော်လည်း အနိုင်ရပါတီ နုတ်ထွက်သည့်ကာလအပါအဝင် စုစုပေါင်း ၁၅ နှစ်ကြာခဲ့သည်။

### တပ်မတော်နှင့် လက်တွဲ

၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ တပ်မတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန်အတွက် အခြေခံအုတ်မြစ်ချပေးခြင်း၊ ဒီမိုကရေစီစနစ်ကို ပုံဖော်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့် အသားကျနိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့် လက်တွဲညီစွာ ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှစတင်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA ချုပ်ဆိုနိုင်ရန် ငြိမ်းချမ်းရေးဖိတ်ခေါ်ဆောင်ရွက်ခဲ့သည်။ အမှန်တကယ်ငြိမ်းချမ်းရေးရရှိနိုင်ရန် အစိုးရနှင့်တပ်မတော် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

### သင်ခန်းစာဖော်ထုတ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အစဉ်အဆက် အတူပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိစေရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ရေးထိုးနိုင်သည်အထိ ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီ ပထမအစိုးရအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီသက်တမ်းကာလနုနယ်သေးခြင်း၊ ဒီမိုကရေစီစနစ်နှင့်အသားကျမှုမရှိသေးခြင်း၊ အဖွဲ့အစည်းအသီးသီးက အတိတ်ဖြစ်ရပ်များအပေါ်အခြေခံ၍ သွေးထိုးလှုံ့ဆော်မှုများရှိခြင်း၊ ဆိုရှယ်လစ်စနစ်ကာလတွင် ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီ ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံ ပြုလုပ်ခြင်း စသည်တို့ကို သင်ခန်းစာဖော်ထုတ်ရရှိသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီအနိုင်ရခဲ့ပြီး ဒီမိုကရေစီ ဒုတိယအစိုးရအဖြစ် ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီဒုတိယအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုက များစွာမျှော်လင့်ထားသော်လည်း စီမံခန့်ခွဲမှုအတွေ့အကြုံ အားနည်းမှုများ၊ ယခင်အစိုးရ၏ လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများ၊ စီးပွားရေးအရ အားနည်းချက်များ ဖြစ်ပေါ်ခဲ့သည်။ စတင်တာဝန်ယူသည့် ၂၀၁၅-၂၀၁၆ ကာလတွင် ပြည်ပအကူအညီများစွာရရှိပြီး နိုင်ငံ့စီးပွားရေး အားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံ အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်နေခြင်း၊ ပြည်တွင်းစီးပွားရေးကို အားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမရှိခြင်း၊ နိုင်ငံ၏ ပကတိအခြေအနေနှင့် မကိုက်ညီဘဲ နိုင်ငံခြားသား အကြံပေးများ၏ အကြံဉာဏ်အတိုင်း ဩဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေး ကျဆင်းလာခဲ့သည်။ အနိုင်ရပါတီ ကိုယ်စားလှယ်များမှာလည်း ဒီမိုကရေစီစံနှုန်းများနှင့်မညီခြင်း၊ နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်း၊ လွှတ်တော်များအတွင်း ကမောက်ကမဖြစ်စေခြင်း စသည့် အားနည်းချက်များရှိခဲ့သည်။

### စိုးရိမ်ဖွယ်ရာများစွာရှိ

ထိုသို့သော အားနည်းချက်အမျိုးမျိုးတို့ကြောင့် ပြည်သူလူထုအတွင်းတွင် ၎င်းတို့ အပေါ် ယုံကြည်မှု အားနည်းလာခဲ့ရာ အာဏာရပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရလိုမှုနှင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့၍ မဲမသမာမှုများကို ပြောင်ပြောင်တင်းတင်း ပြုလုပ်ခဲ့သည်ဟု သုံးသပ်မိပါသည်။ ဒီမိုကရေစီတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် သတ်မှတ်စံနှုန်းများအား တစ်စုံတစ်ယောက်၊ တစ်ဖွဲ့က လွှဲပြောင်းပေးခြင်း၊ လက်ခံရယူခြင်းမဟုတ်ပေ။ ဒီမိုကရေစီကို တည်ဆောက်ရယူခြင်းဖြစ်သည်။ စင်စစ် စစ်မှန်သောဒီမိုကရေစီကို မလိုလားသော ပြည်ပအင်အားစုများ၏ စွက်ဖက်မှုနှင့် ဩဇာသက်ရောက်ခံရသော လူ့အဖွဲ့အစည်းတွင် ဒီမိုကရေစီအပင်မပေါက်နိုင်ဟု ဆိုထားသည်။ ပထမဒီမိုကရေစီသက်တမ်း၌ ဤအချက်များကို

> ● အထူးသဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီသမိုင်းကြောင်းတွင် အကျည်းတန် အရုပ်ဆိုးဖြစ်ခဲ့သည့် မဲမသမာမှုများဖြစ်ခဲ့ခြင်းကို အကြောင်းပြု၍ နိုင်ငံရေး အချိုးအကွေ့ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်နိုင်သည့်စာရင်း ၁၁၃၀၅၃၉၀ (တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်) ကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်အသီးသီးခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀(ဂ) နှင့် ပုဒ်မ ၄၁၇ တို့တွင်ပါရှိသည့် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး ပုဒ်မ ၄၁၈(က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို လွှဲအပ်ပေးသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ သို့

# ကျောင်းသား ကျောင်းသူများ လိမ္မာရေးခြားရှိရေး၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် မြင့်မားတိုးတက်စေရေး ဆရာ ဆရာမများက စံနမူနာပြဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သဲကောကြီး အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ ဆရာဆရာမများနှင့်တွေ့ဆုံ၍ ကျောင်းသားကျောင်းသူများ လိမ္မာရေးခြားရှိရေး၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် မြင့်မားတိုးတက်စေရေးဆောင်ရွက်ရာတွင် ဆရာ ဆရာမများက စံနမူနာပြဆောင်ရွက်ကြရန်၊ ထိရောက်သည့် သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်ရေး၊ သင်ထောက်ကူပစ္စည်းများအသုံးပြုရေးနှင့် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ ဆရာဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးကြရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အင်းသာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစကားပြောကြားပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ကျောင်းသန့်ရှင်းသာယာလှပရေး၊ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟိုတယ်များအနေဖြင့် အာဆီယံအဆင့်ပေးအပ်သော ဟိုတယ်ဆိုင်ရာဆုများ ရရှိနိုင်အောင် စဉ်ဆက်မပြတ် ကြိုးစားကြရန်နှင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များမှ ငွေလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံနှင့် အခန်းများ၊ ခန်းမများပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဧည့်သည်လက်ခံနိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများ၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ပြီး ငလျင်ဒဏ်သင့် ဟိုတယ်၊ အခန်းများကို ဧည့်သည်များ အမြန်ဆုံး လက်ခံနိုင်ရန်ပြင်ဆင်ကြရန်၊ ပြင်ဆင်ဆဲအခန်းများ၊ ခန်းမများကိုလည်း သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရန်၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဟိုတယ်များအနေဖြင့် အာဆီယံအဆင့် ပေးအပ်သော ဟိုတယ်ဆိုင်ရာဆုများကို ရရှိနိုင်အောင် စဉ်ဆက်မပြတ် ကြိုးစားကြရန်၊ ဟိုတယ်ဝန်ထမ်းများအနေဖြင့် ဟိုတယ်လုပ်ငန်းခွင်အတွင်း သဘာဝဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးသင်တန်းများတွင်လည်း ပါဝင်တက်ရောက်စေရေး တာဝန်ရှိသူများက စိစစ်ကြပ်မတ်ကြရန်နှင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး ဟိုတယ်များတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် တပ်ဆင်သုံးစွဲနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ငလျင်ဘေးဒဏ်သင့် အပြာရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာများတွင် ပြင်ဆင်ပြီးစီး၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များပြန်လည်ပြောင်းရွှေ့နေထိုင်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေ၊ မီး၊ မိလ္လာနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲများနှင့် တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၁၀ မှ*

စိုးရိမ်ရန်မလိုသော်လည်း ဒုတိယဒီမိုကရေစီသက်တမ်းတွင် စိုးရိမ်ဖွယ်ရာများ များစွာရှိခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီသမိုင်းကြောင်းတွင် အကျည်းတန်အရုပ်ဆိုးဖြစ်ခဲ့သည့် မဲမသမာမှုများဖြစ်ခဲ့ခြင်းကို အကြောင်းပြု၍ နိုင်ငံရေးအချိုးအကွေ့ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်နိုင်သည့်စာရင်း ၁၁၃၀၅၃၉၀ (တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်) ကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်အသီးသီးခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀(ဂ) နှင့် ပုဒ်မ ၄၁၇ တို့တွင်ပါရှိသည့် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး ပုဒ်မ ၄၁၈(က)အရနိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ပေးသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။

### ဖွဲ့စည်းတာဝန်ပေးအပ်

ယခုအခါ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့စဉ်က ပါရှိခဲ့သည့် ကိစ္စရပ်များကို ပြီးပြတ်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ခြင်း၊ ပြည်သူတို့၏ဆန္ဒဖြစ်သည့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ်အား မဖြစ်မနေကျင်းပပေးရန် လိုအပ်ခြင်းတို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်ကြေညာထားခြင်းအား ရုပ်သိမ်းပေးရန်နှင့် အစိုးရအပေါ် ပေးအပ်ထားသည့်တာဝန်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပြန်လည်အပ်နှံပေးခဲ့သည်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရေးပင်ဖြစ်သည်။ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မဲစာရင်းမှန်ကန်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်အောင် ကျင်းပနိုင်ရေးအတွက်ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့သလို မဲဆန္ဒနယ်များအလိုက် အချက်အလက်များကောက်ယူခြင်းနှင့် နယ်မြေများအလိုက် လုံခြုံရေးဆိုင်ရာ အချက်အလက်များ ရယူခြင်းများကို ဆောင်ရွက်ခဲ့သည်။ ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်မြေများကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

### ရွေးကောက်ပွဲအောင်မြင်ရေး

**ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် ဒီမိုကရေစီအခင်းအကျင်းသစ်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှတာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးသည်။ ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒမဲပေးမည့်သူ မည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲအောင်မြင်သည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပေ။ အခြားနိုင်ငံများတွင်လည်း ထိုသို့သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရသည်။ နိုင်ငံတကာရွေးကောက်ပွဲများတွင် ၅၀ ရာခိုင်နှုန်းအောက် မဲပေးခဲ့သည့်နိုင်ငံများလည်းရှိသည်။ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေးနိုင်မည်ဆိုပါက လူအများစု ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင်သည်။**

သို့ဖြစ်ရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြီးခဲ့သည့် ဒီမိုကရေစီသက်တမ်းကာလများက ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့် ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများ ကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်စေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။






အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်ရရှိစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။




အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်း ဘန်ကာများ ပြုလုပ်ထားမှုကို တွေ့ရစဉ်။




အကြမ်းဖက်သောင်းကျန်းသူများက လူနေအဆောက်အအုံများအတွင်း ဘန်ကာများ၊ ဗုံးခိုကျင်းများ ပြုလုပ်ထားမှုကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်လည်း စစ်ရေး ပစ်မှတ်မဟုတ်သည့် လွိုင်ကော် တက္ကသိုလ်အား လက်နက်ကြီး များ အကူအညီဖြင့် တပ်မတော် စစ်ကြောင်းများ၏ အလစ်အငိုက် ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ ဆရာမများအား ဖမ်းဆီး ခေါ်ဆောင်ခြင်းများ ဆောင်ရွက် ခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် လွိုင်ကော်မြို့သိမ်းတိုက်ပွဲအား စတင်ဆောင်ရွက်ခဲ့သဖြင့် မြို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော် စစ်ကြောင်းများက လွိုင်ကော်မြို့ အကြမ်းဖက် သောင်းကျန်းသူများလက်အောက် မကျရောက်စေရေး ဒေသခံ ပြည်သူများနှင့်အတူ ပူးပေါင်း၍ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ သဖြင့် အကြမ်းဖက်သောင်းကျန်း သူများသည် လွိုင်ကော်မြို့အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက် ကျဆုံးများစွာဖြင့် ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဆုတ်ခွာထွက်ပြေး သွားခဲ့သည့် KNPP၊ KNDF အဖွဲ့ များနှင့် PDF အမည်ခံအကြမ်းဖက် သမားများသည် ဒီးမော့ဆိုမြို့နယ် အတွင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ လမှစ၍ ကျေးရွာသူ၊ ကျေးရွာသား များအသွင်ဖြင့် စိမ့်ဝင်ပုံဖျက် ဝင်ရောက်နေရာယူ၍ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေ ရန်၊ ဒေသတည်ငြိမ်အေးချမ်း မှု ပျက်ပြားစေရန်အတွက် တပ်မတော်တပ်စခန်းများ၊ လုံခြုံ ရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ် များအား ဝင်ရောက်တိုက်ခိုက် ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီး ခြင်း၊ ပြည်သူများအား လက်နက် အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ် ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင် ခြင်း စသည့်အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ဒီးမော့ဆိုမြို့အတွင်းရှိနေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ တွင် အခိုင်အမာ ခံစစ်ပြုလုပ်ကာ လွိုင်ကော်-ဒီးမော့ဆို-ဘောလခဲ ဆက်သွယ်ရေး လမ်းကြောင်း အား ဖြတ်တောက်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲ များ ဖြစ်ပွားခဲ့ပြီး ရိုးသားစွာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင် ဆောင်ရွက်နေကြသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုများသည် ၎င်းတို့ပိုင်ဆိုင် သည့် နေအိမ်အဆောက်အအုံများ နှင့် ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ကင်းရာ မြို့၊ ရွာများသို့ ယာယီနေရပ်စွန့်ခွာ သွားရောက် နေထိုင်ခဲ့ကြရသဖြင့် လူ့အခွင့် အရေးများ၊ လူမှုစီးပွားဘဝများ များစွာနိမ့်ကျခဲ့ရသည်။

ထို့ကြောင့် တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါ မြို့နယ်အတွင်း ယာယီနေရပ် စွန့်ခွာ ဒေသခံတိုင်းရင်းသား ပြည်သူများအား ၎င်းတို့၏ မြို့/ ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး၊ အေးချမ်း ပျော်ရွှင်စွာ လူမှုစီးပွားဘဝ ရှာဖွေ လုပ်ကိုင် စားသောက်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေးအတွက် အဆိုပါ အကြမ်းဖက်သမားများ ထိန်းချုပ် ထားသည့် ဒီးမော့ဆိုဒေသ တစ်ဝိုက်နှင့် ဒီးမော့ဆိုမြို့အား ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ ဒီးမော့ဆိုမြို့၏ မြောက်ဘက် ခြမ်း ရွှေယောက်ရပ်ကွက်အတွင်း ရှိ တောင်ငူလမ်းဆုံနှင့် အရှေ့ တောင်ဘက် ပါဒေါ်ဒူကျေးရွာ တို့မှစ၍ လက်နက်ကြီး ပစ်ကူများ ဖြင့် စနစ်တကျ အဆင့်ဆင့် ခြေကုတ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက်သမားများ ခံစစ် ပြုလုပ်ထားသည့် မြို့တွင်းရှိ မြေပေါ် မြေအောက်ဘန်ကာများ၊ အထပ်မြင့် အဆောက်အအုံများ အပါအဝင် စာသင်ကျောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး မှူးရုံး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နေရာ၊ ချက်ကျောင်းနှင့် ဆေးရုံ နေရာတို့အား ခက်ခက်ခဲခဲဖြင့် စွန့်လွှတ်စွန့်စားစွာ အချိန်ယူ ရှင်းလင်းတိုက်ခိုက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ဒီးမော့ဆိုမြို့၏ အရှေ့ တောင်ဘက်ရှိ ပါဒေါ်ဒူကျေးရွာနှင့် ရှုးဖယ်ခူရပ်ကွက်အား လည်း ကောင်း၊ ဩဂုတ် ၁၂ ရက်တွင် ရွှေယောက်ရပ်ကွက် အတွင်းရှိ ဆီဆိုင်နေရာအားလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် အောင်မင်္ဂလာ ရပ်ကွက်အတွင်းရှိ မြို့နယ်ရဲစခန်း၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ ဆေးရုံနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးအား လည်း ကောင်း၊ ဩဂုတ် ၁၅ ရက်တွင် ရွှေယောက်ရပ်ကွက် တစ်ခုလုံး နှင့် စည်ပင်သာယာရပ်ကွက်ရှိ မြို့နယ်ခန်းမ၊ မြို့မရပ်ကွက် အတွင်းရှိ ချက်ကျောင်းနေရာများ အားလည်းကောင်း၊ ယနေ့တွင် ဒီးမော့ဆိုမြို့ တစ်ခုလုံးအားလည်း ကောင်း တပ်မတော်စစ်ကြောင်း များက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ သည်။ စစ်ဆင်ရေးကာလ ၁၆ ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲ ကြီး/ငယ် ၂၃ ကြိမ် ဖြစ်ပွားခဲ့ ပြီး ရန်သူထံမှ အလောင်း ခြောက်လောင်းနှင့် လက်နက် မျိုးစုံ ငါးလက် သိမ်းဆည်းရမိခဲ့ပြီး မိမိတို့ဘက်မှ လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ထိခိုက်ကျဆုံး/ဒဏ်ရာရရှိ ခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေ ဖြင့် ဒီးမော့ဆိုမြို့အား ယာယီ ထိန်းချုပ်ထားစဉ်အတွင်း ဘာသာ ရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ/ ဆေးခန်းများနှင့် လူနေအိမ်များ အား အကာအကွယ်ယူ၍ ဘန်ကာ များ ဆောက်လုပ်ပြီး တပ်မတော် စစ်ကြောင်းများအား ပစ်ခတ် တိုက်ခိုက်ခြင်း၊ လူနေ/အိမ် အဆောက်အအုံများ အကြားနှင့် အများပြည်သူ သွားလာအသုံးပြု သည့် ဆက်သွယ်ရေးလမ်းကြောင်း များပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများအား လူသား တံတိုင်းအဖြစ် အကာအကွယ်ရယူ ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ထုတ်ပြန်ထား သည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများက လွိုင်ကော်မြို့ နှင့် ဒီးမော့ဆိုမြို့တို့အား ဆက်သွယ် ထားသည့် လမ်းကြောင်းအား အပြီးတိုင် ဆက်လက်ရှင်းလင်း ပေးခြင်းဖြင့် လွိုင်ကော်၊ ဒီးမော့ဆို ဆက်သွယ်ရေး လမ်းမကြီးအား မကြာမီအချိန်တွင် ပြန်လည် ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက် ရှိပြီး အကြမ်းဖက်သောင်းကျန်းသူ များ ဖျက်ဆီးခဲ့သည့် စာသင် ကျောင်းများ၊ ဆေးရုံ/ဆေးခန်း များ၊ ရုံး/ဌာန အဆောက်အအုံ များ၊ဘာသာရေးဆိုင်ရာအဆောက် အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်းနှင့် မိုင်း ရှင်းလင်းရေးလုပ်ငန်းများ အပါ အဝင် နယ်မြေလုံခြုံရေးလုပ်ငန်း များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ သည်။ *စာမျက်နှာ ၁၃ သို့*

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြပွဲတက်ရောက်



ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများကို မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ် မဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

**နေပြည်တော် ဩဂုတ် ၁၉**

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းအတွက် စာအုပ်စာစောင်များ၊ ချီးမြှင့်ငွေနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ၊ နေပြည်တော်ကောင်စီဝင်များက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် အမျိုးသားစာပေဆုရှင် စာရေးဆရာ မောင်စိမ်းနောင်(လယ်ဝေး)က စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း စာအုပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာပေဆိုင်ရာ ဆွေးနွေးပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ လူငယ်စကားဝိုင်း ကျင်းပနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ပြည်ထောင်စုနယ်မြေ

**အောင်ကို(ပုဗ္ဗသီရိ)**



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကို တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်း အကြမ်းဖက် သောင်းကျန်းသူများ ထိန်းချုပ်/ပိတ်ဆို့ထားသည့် မြို့/ရွာများ၊ ဆက်သွယ်ရေးလမ်းကြောင်းများအား တပ်မတော်က "ရန်နိုင်မင်း" စစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေ ၁၅ ရက်တွင် ဆီဆိုင်မြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဟိုပုံး-ဆီဆိုင်-လွိုင်ကော် လမ်းကြောင်းအား မေ ၂၉ ရက်တွင်လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက်တွင် မိုးဗြဲမြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပင်လောင်း-ဆောင်းပြောင်း - ဖယ်ခုံ - မိုးဗြဲ-လွိုင်ကော် လမ်းကြောင်းအား ဇူလိုင် ၁၁ ရက်တွင်လည်းကောင်း၊ ဖယ်ခုံအင်း အရှေ့ဘက်ခြမ်းဒေသတစ်ခုလုံးအား ဇူလိုင် ၃၁ ရက်တွင်လည်းကောင်း ပြန်လည်ထိန်းချုပ်/ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးအပိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပျော်ဘွယ်မြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေးအစီအစဉ်ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၁၉**

ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနမှဦးဆောင်၍ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေးအစီအစဉ်ကျင်းပခြင်းကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ရန်အောင်)၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဆွေလင်းက ယနေ့ကျင်းပသည့်အစီအစဉ်သည် ကျောင်းသား ကျောင်းသူများအတွက် လွန်စွာအသုံးဝင်သည့် အစီအစဉ်ဖြစ်ကြောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေးအစီအစဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူမြင့်က ကျောင်းသား ကျောင်းသူများအနေဖြင့် အစီအစဉ်များတွင် စနစ်တကျလေ့လာသင်ယူနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား အစီအစဉ်တွင်ပါဝင်သည့် မီးသတ်ဆေးဘူးအသုံးပြုနည်း၊ မီးငြိမ်းသတ်သည့်ပစ္စည်းများအား မှန်ကန်စွာရွေးချယ်နည်း၊ စောင်ဖြင့် လူနာထမ်းစင်ပြုလုပ်နည်း၊ ရှေးဦးပြုစုနည်းစသည့်အကြောင်းအရာများကို လက်တွေ့သရုပ်ပြခြင်းနှင့် ရှင်းလင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြရာ ဗိုလ်မှူးကြီးကျော်ဆွေလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် အဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ဘုန်းမြတ်**

## မိုးနှောင်းဝါ စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**အထက်မင်းလှ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သမဝါယမကဏ္ဍမှ ဆောင်ရွက်ထားသည့် ၂၀၂၅-၂၀၂၆ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှုအခြေအနေကို ယမန်နေ့က တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် မိုးနှောင်းဝါစိုက်ပျိုးရန်အတွက် အထွက်တိုးမျိုးဖြစ်သည့် Raka 666 မျိုး စိုက်ပျိုးထားသည့် မယ်ဇလီတော စိုက်/ထွေမှ အသင်းသားတောင်သူဦးဘိုတိုး၏ ၁ ဒသမ ၅ ဧကရှိသော ဝါစိုက်ခင်းအား မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလွင်ညီညီနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကံသိန်းတို့က သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

❖ *ကျောဖုံးမှ*

မြန်မာအသင်းသည် ၂၀၀၇ ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိပြီးနောက် ဗိုလ်လုပွဲသို့ လေးကြိမ်မြောက်တက်ရောက်ခြင်းဖြစ်ပြီး လေးကြိမ်စလုံး ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၅ နှင့် ၂၀၂၅ ခုနှစ်တို့တွင် ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်ပြီး လေးကြိမ်စလုံး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။ ဩစတြေးလျအသင်းသည် ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် ဗိုလ်စွဲပြီးနောက် ၁၇ နှစ်အကြာတွင် တစ်ကျော့ပြန် ဗိုလ်စွဲခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်တွင် ဩစတြေးလျအသင်းသည် ယခုပွဲတွင်လည်း ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်လာပြီး ဂိုးရရန် ကြိုးပမ်းခဲ့သည်။ ဩစတြေးလျ တိုက်စစ်ကို မြန်မာနောက်ခံလူများနှင့် ဂိုးသမား မျိုးမြမြငြိမ်းတို့က တည်တည်ငြိမ်ငြိမ်ဖြင့် ဖြတ်ထုတ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းက တန်ပြန်တိုက်စစ်ကို အားပြုကစားခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ရှုပါခိုင်၏ ကန်သွင်းရန် ကြိုးပမ်းမှုကို ဩစတြေးလျနောက်ခံလူ ဖြတ်ထုတ်နိုင်ခဲ့သလို ဝင်းသိင်္ဂီထွန်း၏ ကန်သွင်းမှုမှာလည်း ကန်ချက်ပျော့သွားသဖြင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ဩစတြေးလျအသင်းက ဂိုးရရှိရေး တိုက်စစ်မြင့်လာချိန်တွင် မြန်မာအသင်းမှာ ကစားအားကျသွားသလို ၁၃ ရက်အတွင်း ငါးပွဲကစားရသောကြောင့် ပွဲပန်းပြီး ထင်သလောက်မကစားနိုင်ခဲ့ပေ။ ၆၆ မိနစ်တွင်ဩစတြေးလျအသင်း အနိုင်ဂိုးရခဲ့ပြီး ဖာဗီက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျအသင်းသည် အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်းကို အရေးနိမ့်ပြီးကတည်းက တစ်ပွဲထက် တစ်ပွဲကစားပုံကောင်းလာခြင်းဖြစ်ပြီး အုပ်စုလက်ကျန်ပွဲများတွင် ၂၀၂၂ ပြိုင်ပွဲ ချန်ပီယံ ဖိလစ်ပိုင်အသင်းနှင့် တီမောအသင်း၊ ဆီမီးဖိုင်နယ်တွင် အိမ်ရှင်ဗီယက်နမ်၊ ဗိုလ်လုပွဲတွင် မြန်မာအသင်းတို့ကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအသင်းသည် ပထမဆုံးဗိုလ်စွဲသည့်ပြိုင်ပွဲတွင် လက်ရွေးစင်အသင်းဖြင့် ယှဉ်ပြိုင်သော်လည်း နောက်ပိုင်းနှစ်များတွင် လူငယ်လက်ရွေးစင်အသင်းများကိုသာ စေလွှတ်ခဲ့ကာ ယခုနှစ်တွင် ယူ-၂၃ အသင်းဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယ လေးကြိမ်၊ တတိယသုံးကြိမ် ရရှိထားသည်။

တတိယနေရာ လုပွဲတွင် အိမ်ရှင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုရရှိခဲ့သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-AFF**

# အင်ဒိုနီးရှားနိုင်ငံက ကူညီထောက်ပံ့ရေးပစ္စည်း တန်ချိန် ၈၀၀ ဂါဇာသို့ လေကြောင်းမှတစ်ဆင့် ပစ်ချပေးပို့

**ဂျကာတာ ဩဂုတ် ၁၉**

အင်ဒိုနီးရှားနိုင်ငံသည် စားရေရိက္ခာ၊ ဆေးဝါးနှင့် အဝတ်အထည်များအပါအဝင် ကူညီထောက်ပံ့ရေး ပစ္စည်း တန်ချိန် ၈၀၀ ကို ဂါဇာကမ်းမြောင်သို့ ပေးပို့လိုက်ကြောင်း စစ်ဘက်အရာရှိတစ်ဦးက ဩဂုတ် ၁၈ ရက်တွင် ပြောသည်။

အင်ဒိုနီးရှားတပ်မတော်မှ ဂါရူဒါမေရာပူတိ ၂ အထူးစစ်ဆင်ရေးတပ်ဖွဲ့သည် C-130J Super Hercules လေယာဉ်နှစ်စင်းအသုံးပြုကာ ဂါဇာ ဒေသခံများဆီသို့ ကူညီထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၁၇ ရက်တွင် လေကြောင်းမှတစ်ဆင့် ပစ်ချပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ကာကွယ်ရေးသတင်းအချက်အလက်ဆိုင်ရာ ဗျူရိုအကြီးအကဲ ဖရီဂါဒီယာနစ်အင် ကီရီဝန်က ပြောသည်။

ထို့အပြင် အဆိုပါ အကူအညီများကို နေရာ ၁၀ နေရာသို့ လေကြောင်းမှ ပစ်ချပေးပို့ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပါလက်စတိုင်းများကို ဆန်တန်ချိန် ၁၀၀၀၀ ပေးပို့ရန်ဆုံးဖြတ်ထားကြောင်း၊ ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသော ဂါဇာဒေသခံ ၂၀၀၀ ကိုလည်း ဆေးဝါးကုသမှုများပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**



# သီရိလင်္ကာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၁ ဒသမ ၅ သန်းကျော်ရှိလာ

**ပထမခုနှစ်လအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန် ဒေါ်လာ ၂ ဘီလီယံကျော် ရရှိ**

**ကိုလံဘို ဩဂုတ် ၁၉**

ယခုနှစ်အတွင်း လက်ရှိအချိန်အထိ သီရိလင်္ကာနိုင်ငံသို့ နိုင်ငံတကာခရီးသွား လာရောက်လည်ပတ်မှုမှာ ၁ ဒသမ ၅ သန်းကျော်လွန်လာပြီ ဖြစ်ကြောင်း ဝန်ကြီးတစ်ဦးက ဩဂုတ် ၁၈ ရက်တွင် ပြောသည်။

နိုင်ငံခြားရေးရာဝန်ကြီးဌာန ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဗီဂျစ်သာဟေး ရတ်သ်သည် ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်သော နိုင်ငံတကာ ခရီးသွားအရေအတွက်မှာ ၁ ဒသမ ၅ သန်း ကျော်လွန်လာကြောင်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါကာလအတွင်း သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်သော နိုင်ငံတကာ ခရီးသွားအရေအတွက် ၁၅၀၀၆၅၆ ဦးရှိကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ဖော်ပြသောအချက်အလက်များအရ သိရသည်။ ထို့အပြင် သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်သော ခရီးသွားများအနက် အိန္ဒိယ၊ ဗြိတိန်၊ ရုရှား၊ ဂျာမနီနှင့် တရုတ်နိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်း သိရသည်။



ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံအတွက် နိုင်ငံခြားငွေရရှိသော ထိပ်တန်းအရင်းအမြစ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ သီရိလင်္ကာဗဟိုဘဏ်က ထုတ်ပြန်သော အချက်အလက်များအရ ယခုနှစ် ပထမခုနှစ်လအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက်ကလေးများကို လူမှုမီဒီယာအသုံးပြုခွင့် ပိတ်ပင်မည်

**ကန်ဘာရာ ဩဂုတ် ၁၉**

ဩစတြေးလျနိုင်ငံ၌ လူမှုမီဒီယာဆိုင်ရာ အသက်ကန့်သတ်ချက်များကိုသတ်မှတ်ပြဋ္ဌာန်းခြင်းမပြုမီ ခြောက်လအလို အွန်လိုင်းကို ဘေးကင်းလုံခြုံစွာအသုံးပြုရာ၌ မိဘများ၏ လမ်းညွှန်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ကျွမ်းကျင်သူများက အလေးပေးပြောကြားခဲ့သည်။



မိဘများနှင့် ကျောင်းများသည် ကလေးများနှင့်ပတ်သက်ပြီး ၎င်းတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ ဒစ်ဂျစ်တယ်သဘောတရားနှင့် အနိုင်ကျင့်ခြင်း၊ အလှုပြင်ခြင်း၊ လိင်မှုကိစ္စပုံများပေးပို့ခြင်းနှင့် အတုအယောင်ကိစ္စရပ်များကဲ့သို့သော အန္တရာယ်ရှိသည့်အကြောင်းအရာများကို ဆွေးနွေးသွားရမည်ဖြစ်ကြောင်း ဩစတြေးလျတောင်ပိုင်းတက္ကသိုလ် တွဲဖက်ပါမောက္ခ လိစ်လေးအန်နီအိုင်းက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှစပြီး တစ်တော့ခ်၊ အင်စတာဂရမ်၊ ဖေ့ဘွတ်၊ ရက်ဒစ်၊ စနပ်ချက်နှင့် ယူကျု စသည့်လူမှုမီဒီယာများသည် အသက် ၁၆ နှစ်အောက်ကလေးများကို အသုံးပြုခွင့် ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ လူမှုမီဒီယာမှတစ်ဆင့် အန္တရာယ်ဖြစ်စေနိုင်သည့်အကြောင်းအရာနှင့် တင်ဆက်မှုများကို ကာကွယ်ရန် ထိုသို့ အသုံးပြုခွင့်ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဥပဒေပြဋ္ဌာန်းချက် တစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ ဒစ်ဂျစ်တယ်ဗဟုသုတ၊ ဒစ်ဂျစ်တယ်နည်းလမ်းများကို တတ်မြောက်ထားမှသာ ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း အိုင်းက ပြောကြားခဲ့သည်။

ကလေးများ၏ဦးနှောက်သည် ဖွံ့ဖြိုးနေဆဲ ဖြစ်သောကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ကျိုးကြောင်းမဆင်ခြင်နိုင်ဘဲ လှုံ့ဆော်မှုအတိုင်းသာ လိုက်ပါလုပ်ဆောင်လေ့ရှိသောကြောင့် ၎င်းတို့အတွက် ဘေးကင်းလုံခြုံစေမည့် မဟာဗျူဟာများ လိုအပ်လျက်ရှိသည်ဟု အိုင်းက ဆက်လက်ပြောကြားခဲ့သည်။

ကလေးများ၏ အသက်ကန့်သတ်ချက်နှင့် လိုက်လျောညီထွေရှိစေမည့် အသုံးအဆောင်ပစ္စည်းများ၊ အွန်လိုင်းအသိပညာ ကြွယ်ဝသည့် မိဘများနှင့် ဆရာသမားများ၊ ပွင့်လင်းမြင်သာသည့် ဆက်သွယ်ဆောင်ရွက်မှုများ စသည့် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ဒစ်ဂျစ်တယ်ကမ္ဘာကြီးတွင် ကလေးများကို နည်းမှန်လမ်းမှန် ဘေးကင်းလုံခြုံစွာ ကြီးပြင်လာစေမည်ဖြစ်ကြောင်း အိုင်းက ဆွေးနွေးပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ စီးပွားရေးမြို့တော် မွမ်ဘိုင်း၌ ရေကြီးပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေး

**မွမ်ဘိုင်း ဩဂုတ် ၁၉**

အိန္ဒိယနိုင်ငံစီးပွားရေးမြို့တော် မွမ်ဘိုင်းနှင့် အနီးဝန်းကျင်ဒေသများ၌ မိုးအဆက် မပြတ်ရွာသွန်းခဲ့သောကြောင့် လေကြောင်းလိုင်း ၂၅၀ ကျော် ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့သလို ဖျက်သိမ်းခဲ့ရပြီး ရထားလမ်းများ ရေလွှမ်းမိုးနစ်မြုပ်ခဲ့သောကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် နှောင့် ယှက်ဟန့်တားမှုများဖြစ်ပေါ်ခဲ့သည်။

မွမ်ဘိုင်းမြို့တစ်လျှောက် ဒူးမှခါးအထိရေတက်လာသောကြောင့် မော်တော်ယာဉ်များ ပျက်စီးခဲ့ရသည်။ ဆိပ်ကမ်းလမ်းကြောင်းရှိ ရထားလမ်း ဝန်ဆောင်မှုကိုလည်း ပိတ်ခဲ့ရသည်။

ထို့အတူ မွမ်ဘိုင်းတစ်လျှောက် စာသင်ကျောင်းများ၊ ကောလိပ်များနှင့် အခြားပညာရေးဆိုင်ရာ အဆောက်အအုံများလည်း ပိတ်ခဲ့ရသည်။

သုံးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ကြေညာထားသည်။ **ဆင်ဟွာ**

# ၁၂ နှစ်ကြာရပ်နားခဲ့သော အစ္စရေးအမျိုးသားလေကြောင်းလိုင်း ပြန်လည်စတင်

**ဂျေရုဆလင် ဩဂုတ် ၁၉**


အစ္စရေးနိုင်ငံ၏ အထင်ကရ အမျိုးသားလေကြောင်းလိုင်း El Al သည် အောက်တိုဘာလတွင် ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြန်လည်စတင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၉ တွင် ထုတ်ပြန်ကြေညာခဲ့သည်။ လေကြောင်းလိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်ဆိုင်းထားပြီးနောက် ၁၂ နှစ်နီးပါးအကြာတွင် ၎င်း၏ တဲအဗစ်-အီလတ် လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

El Al လေကြောင်းလိုင်းသည် လုံခြုံရေးနှင့် ငွေကြေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဘန်ဂူရီယံ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အီလတ် လေဆိပ်ဟောင်းကြား ပျံသန်းမှုများကို ရပ်ဆိုင်းခဲ့သည်။

အသစ်ပြန်လည်စတင်လိုက်သည့် လေကြောင်းလိုင်းသည် ၂၀၁၉ ခုနှစ်တွင် အီလတ်မြို့လေဆိပ်ကို အစားထိုးခဲ့သည့် ရာမွန်လေဆိပ်သို့ ပြေးဆွဲ၍ ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်သည်။

လတ်တလောတွင် El Al သည် နိုင်ငံတကာလေကြောင်းများသာ လည်ပတ်လျက်ရှိပြီး အစ္စရေးလေကြောင်းလိုင်းများဖြစ်သည့် အာကီယာနှင့် အစ်ရာအားသည် တဲအဗစ်-အီလတ် လမ်းကြောင်းကို ပြေးဆွဲလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၏တောင်းဆိုချက်အရ စတင်ခဲ့သော လေကြောင်းလိုင်း ပြန်လည်ပြေးဆွဲမှုသည် အစ္စရေးတောင်ပိုင်းနှင့် အီလတ်ဒေသခံများအတွက် ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံအနှံ့ သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုများကို ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း လေကြောင်းလိုင်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပြည်သူများသို့ MEVM စက် အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းဆောင်ရွက်မှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၉**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ရပ်ကွက်နေပြည်သူများသို့ မဲပေးစက်များနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် ရွှေအင်ကြင်း ရပ်ကွက် နယ်မြေ(၁) အများပိုင်ခမ်းမှာရုံ၌ ပြုလုပ်ရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာနေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးရဲမိုးက အမှာစကား ပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်မေမဥ္ဇူက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်၍ ရှင်းလင်းပြသရာ ပြည်သူများက မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဒက္ခိဏသီရိမြို့နယ် အထက(၁၈)၌ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး၊ နေပြည်တော်အသင်းခွဲနှင့် လယ်ဝေးခရိုင်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲသို့တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၁၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ပြည်နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်က ကျိုင်းတုံမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းက အမှာစကား ပြောကြားပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ပြည်နယ်အဆင့် အထိမ်းအမှတ် Video Clip များပြသခြင်းနှင့် အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ခံ ဒေါ်ခင်စန္ဒာဦးနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင် အားဆေး၊ လက်ဆောင်ပစ္စည်းများနှင့် အစားအစာများ ပေးအပ်ပြီး အသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ တိုက်ကျွေးခြင်းနှင့် အာဟာရဖြစ်စေသော အစားအစာများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်နှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေးဆိုင်ရာ အသိပညာပေးပြခန်းနှင့် KG ကလေးငယ်များအား အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုအားပေးသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**
မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၁၉ ရက်အထိ သေဆုံးသူ ၃၇၇၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၀ ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# မင်းလှမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်လှစ်

**မင်းလှ ဩဂုတ် ၁၉**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အလယ်ကုန်းအုပ်စု ကရင်တအိမ်ကျေးရွာ၌ ကရင်တအိမ်အခြေခံပညာမူလတန်းကျောင်း တိုးချဲ့ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဖြိုးမင်းပိုင်က တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးစန္ဒာက ကျောင်းသားမိဘများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင် ဦးလှဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးတို့က ကရင်တအိမ်အခြေခံပညာမူလတန်းကျောင်း ၆၀" x ၃၀" RCC တစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်အတွင်း မီးဘေးကာကွယ်ရေး အသိပညာပေး

**စဉ့်ကိုင် ဩဂုတ် ၁၉**
ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း မီးလောင်မှု မီးလန့်မှုများ မဖြစ်ပွားစေရေးနှင့် မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးတန်ဖိုး လျော့နည်းစေရေးတို့အတွက် ပြည်သူများ မီးဘေးသတိ မီးဘေးအသိရှိပြီး မီးကို စနစ်တကျ သုံးစွဲတတ်စေရန်ရည်ရွယ်၍ စဉ့်ကိုင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူးဦးဆောင်သော တပ်ဖွဲ့ဝင် ငါးဦးတို့သည် ယနေ့နံနက်က ရွှေနဂါး စက္ကူနှင့်အမွှေးတိုင်စက်ရုံအား မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းများကို စစ်ဆေးဆောင်ရွက်သည်။**(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက စက်ရုံ၊ အလုပ်ရုံ/သိုလှောင်ရုံ အဆောက်အအုံများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများ ကြိုတင်ပြင်ဆင်ထားမှု ရှိ၊ မရှိ၊ မီးပလပ်ခုံများအား ခံနိုင်ဝန်ထက် ပိုမိုသုံးစွဲခြင်းမပြုရန်နှင့် ဆွေးမြည့်ပေါက်ပြဲနေသော ဝိုင်ယာကြိုးများအား အသုံးမပြုရန်၊ မြို့နယ်မီးသတ်စခန်းဖုန်းနံပါတ်များကို ချိတ်ဆွဲထားရှိရန် စသည်တို့ကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၉**
မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လုံးပါး ပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဘူးသီးတောင်မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရောက်ခံကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၁၉**
မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biometric ကွင်းဆင်းကောက်ယူခြင်းကို ယမန်နေ့ နံနက်ပိုင်းက လှိုင်ရှမ်းစုရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biometric ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးအရာရှိ ဦးဝင်းထွဋ်၊ လဝကမှူး ဒေါ်လဲ့လဲ့မြင့်ကြည်နှင့် ဝန်ထမ်းများက လှိုင်ရှမ်းစုရပ်ကွက်ရှိ ဒေသခံပြည်သူ ၅၂ ဦးအား ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့် လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၁၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ



ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၁၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel) နှင့် (MRTV Entertainment Channel) တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၂၂-၈-၂၀၂၅)ရက် (သောကြာနေ့)ညတွင် မိုးနှင့် သက်ဆိုင်သည့် ကာလပေါ်စတီရီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာန အဆိုရှင်များ စုပေါင်း၍ **"မိုးသီတာပုလဲ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည် ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၂၂-၈-၂၀၂၅)ရက်နေ့တွင်**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ**
**"မိုးသီတာပုလဲ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်**
**ရိုက်ကူးထုတ်လွှင့်မည့်တေးသီချင်း (၁၁) ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပျို့မှာတမ်း | ဌာနအဆိုရှင် |
| ၂။ | နေပါတော့ | ပြင်ပအဆိုရှင် |
| ၃။ | မိုးသီတာပုလဲ | ပြင်ပအဆိုရှင် |
| ၄။ | စိမ်း | ပြင်ပအဆိုရှင် |
| ၅။ | ရွာသာရွာပါမိုးပစ္စုန် | ပြင်ပအဆိုရှင် |
| ၆။ | လွမ်းမဆုံး | တူယှဉ်နွဲပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၇။ | အတိတ်မှာလည်း မိုးသည်းဖူးတယ် | တူယှဉ်နွဲပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၈။ | ဝသန်ခါဦး | ပြင်ပအဆိုရှင် |
| ၉။ | ရွှေမိုးလေးညို့ရင် | ပြင်ပအဆိုရှင် |
| ၁၀။ | အချစ်မိုးညို့ | ပြင်ပအဆိုရှင် |
| ၁၁။ | နွေနှောင်းဝသန် | ပြင်ပအဆိုရှင် |

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

**နေပြည်တော် ဩဂုတ် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၇၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၂၄၄ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၂၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ



ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၅ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့သိုင်းအခြေခံသင်တန်းနှင့် မိုးရာသီအခြေခံတိုက်ကွမ်ဒိုသင်တန်းဆင်း

**ရန်ကင်း ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မြန်မာ့သိုင်းဆပ်ကော်မတီနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့သိုင်းအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် မိုးရာသီအခြေခံ တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲနှင့် ကျောင်းတွင်းအားကစားပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကင်းပညာရေးဒီဂရီကောလိပ်ရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကင်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့သိုင်းအဖွဲ့၊ Fitness Dance အဖွဲ့နှင့် တိုက်ကွမ်ဒိုအဖွဲ့တို့က သရုပ်ပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ချီးမြှင့်သည်။ **လှလှထွေး(ပြန်/ဆက်)**

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ တက်ကွန်ဘိုအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်ရန် တက်ကွန်ဘိုအားကစားပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ တက်ကွန်ဘိုအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ တက်ကွန်ဘိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ ဖူဆယ် Indoor Stadium ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံတက်ကွန်ဘိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာထက်ခိုင်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တက်ကွန်ဘိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများပါဝင်ရာ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းနှင့် ကစားသမား ၂၉ ဦးတို့က ဩဂုတ် ၂၂ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရအားကစားသမားများအား ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ပြီး ထူးချွန်အားကစားသမားများအား ဆီးဂိမ်းပြိုင်ပွဲအတွက် ရွေးချယ်စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ငါးသိုင်းချောင်းမြို့၌ လူငယ်စကားဝိုင်းကျင်းပ



**ငါးသိုင်းချောင်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရေကြည်မြို့နယ် လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၅၈၀ ခန့် တက်ရောက်သည်။

အဆိုပါ လူငယ်စကားဝိုင်းကို ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာလာအောင်နှင့် ရေကြည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနည်းပြ ဦးဝေယံထွန်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး အထက (ငါးသိုင်းချောင်း) ကျောင်းမှ Grade – 11 ကျောင်းသား မောင်ဖြိုးသူရကျော်က လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade – 11 ကျောင်းသား မောင်ကိုကိုအောင်က လူငယ်နှင့် ရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade – 11 ကျောင်းသူ မမေဦးမွန်က လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade –11 ကျောင်းသူ မပြည့်ဖြိုးခိုင်က လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများ အပေါ်အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ စကားရည်လုပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာကျောင်းများနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် စကားရည်လုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

စကားရည်လုပြိုင်ပွဲတွင် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်က အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စကားရည်လုပြိုင်ပွဲကို ကျင်းပရာ ဆိုရှယ်မီဒီယာအသုံးပြုတာ ကောင်းတယ်၊ ဆိုရှယ်မီဒီယာ အသုံးပြုတာ မကောင်းဘူး စသည့်ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကြသည်။



အဆိုပါစကားရည်လုပြိုင်ပွဲကို မိတ္ထီလာမြို့နယ်နှင့် မလှိုင်မြို့နယ်တို့မှ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အဆိုပါပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကိုကိုးကျွန်းမြို့နယ်၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ



**ကိုကိုးကျွန်း ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၁၇ ရက်က ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်း၊ အမှတ်ပေးစည်းမျဉ်းများကို ရှင်းပြပြီး ပြိုင်ပွဲဝင်ကလေးများ စတင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကလေးများအား ဆုနှင့် အမှတ်တရ လက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုကိုးကျွန်း(ပြန်/ဆက်)**

## သထုံမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေး

**သထုံ ဩဂုတ် ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး သရုပ်ပြသခြင်းကို ယမန်နေ့က လိပ်အင်းရပ်ကွက်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးစံလှဘော်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းထွန်းမောင်တို့က မိတ်ဆက်စကားများ ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာထွေးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)တွင် ပါဝင်သည့် စက်ပစ္စည်းများနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူတို့က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးပြီး Print ထုတ်ခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်တိုက်ဆိုင်စစ်ဆေးခြင်း စသည့် မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်တို့ကို လက်တွေ့ပြသခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## ပျဉ်းမနားမြို့၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**ပျဉ်းမနား ဩဂုတ် ၁၉**

ပျဉ်းမနားမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရွာသစ်ကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ ဆောင်ရန်ရှောင်ရန်စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ ဟောပြောဆွေးနွေးရာ အခမ်းအနားသို့ တက်ရောက်လာသည့် ရွာသစ်ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**စိန်လွင်(ကျေးလက်)**

## မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုးနဲ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံ ဆီထွက်သီးနှံ နေကြာ ၅၂ ဧကကို ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုက်ဟိုင်းကျေးရွာအုပ်စု လုံစံကျေးရွာရှိ မိုးနေကြာရေဆင်းစပ်မျိုး (၁) မျိုးစေ့ထုတ် ငါးဧကစိုက်ပျိုးထားရှိပြီး လိုအပ်သော နည်းပညာနှင့် သွင်းအားစုများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု မိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းမှ မျိုးများရယူ၍ ဆောင်းသီးနှံလျာထား ၁၂၅ ဧကအတွက် မျိုးစေ့များ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## လှိုင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ရှစ်သိန်းရှစ်သောင်း ငါးမျိုးစိုက်ထည့်

**ထန်းတပင် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် ကျွန်းငူကမ်းနားရှိ သဘာဝရေပြင်လှိုင်မြစ်အတွင်းသို့ ယနေ့နံနက်ပိုင်းက ငါးသားပေါက်ကောင်ရေ ရှစ်သိန်းရှစ်သောင်းကို ငါးမျိုးစိုက်ထည့်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုများဖြင့် ငါးမျိုးစိုက်ထည့်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး သဘာဝရေပြင်လှိုင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကိုလည်း တိုင်းဒေသကြီး ခရိုင်တာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ရှိသူများ ပူးပေါင်းကာ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းတို့မှ ငါးသားပေါက်ကောင်ရေရှစ်သိန်းရှစ်သောင်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါဆေးမေတ္တာ အမှတ်တံဆိပ် ဆေးဝါး(၂၆)မျိုးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ ဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ဆေးမေတ္တာ | ဆေးအိုးပုတ်ဆေးကြီး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၂။ | ဆေးမေတ္တာ | ယားနာလိမ်းဆေး | ဆေးအနှစ် | ဆရာမဒေါ်ခင်စန်းရီ ၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၃။ | ဆေးမေတ္တာ | လိပ်ခေါင်းပျောက်ဆေး | ဆေးလုံး | ဆရာမဒေါ်ခင်စန်းရီ ၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၄။ | ဆေးမေတ္တာ | ရှဉ့်မတက်အားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၅။ | ဆေးမေတ္တာ | အစာအိမ်ရောဂါ ပျောက်ဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၆။ | ဆေးမေတ္တာ | လေနိုင်ဆေးရည် | ဆေးရည် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၇။ | ဆေးမေတ္တာ | အာရုံကြောအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၈။ | ဆေးမေတ္တာ | အဆုတ်သန့်ဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၉။ | ဆေးမေတ္တာ | သက်ရင်းကြီး အဆီကျဆေး | ဆေးလုံး | ပက (၉၅၈)၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့။ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၀။ | ဆေးမေတ္တာ | လေဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၁။ | ဆေးမေတ္တာ | နှလုံးအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၂။ | ဆေးမေတ္တာ | အပူလွန်သွေးအားနည်း ကင်ဆာဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၃။ | ဆေးမေတ္တာ | မျက်စိအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၄။ | ဆေးမေတ္တာ | သားအိမ်သန့်ရှင်းဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၅။ | ဆေးမေတ္တာ | အပူငြိမ်းဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၆။ | ဆေးမေတ္တာ | သဘာဝအားတိုးဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၇။ | ဆေးမေတ္တာ | သက်ရှည်ကျန်းမာဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၁၈။ | ဆေးမေတ္တာ | လေးဖက်နာရောဂါ ပျောက်ဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ၀၉-၄၅၅၈၄၉၈၈၇ မန္တလေး၊ ၀၉-၂၅၉၀၉၆၆၅၂ |
| ၁၉။ | ဆေးမေတ္တာ | ဆီးနှင့်ကျောက်ကပ် ပျောက်ဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၂၀။ | ဆေးမေတ္တာ | သမြားနီဆေး | ဆေးလုံး | ဆရာမဒေါ်ခင်စန်းရီ၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၂၁။ | ဆေးမေတ္တာ | သွေးသန့်ဆေးကြီး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၂၂။ | ဆေးမေတ္တာ | အကျိတ်ကြေဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၂၃။ | ဆေးမေတ္တာ | နားရောဂါသက်သာ ပျောက်ကင်းဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၂၄။ | ဆေးမေတ္တာ | သွေးတိုးကျဆေး | ဆေးလုံး | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |
| ၂၅။ | ဆေးမေတ္တာ | မျက်စိကွင်းဆေး | ဆေးခဲ | ၀၉-၄၅၅၈၄၉၈၈၇ |
| ၂၆။ | ဆေးမေတ္တာ | ဆီးသန့်စင်ဆေး | ဆေးမှုန့် | ကချင်ပြည်နယ်၊ ဗန်းမော်မြို့ ၀၉-၄၅၅၈၄၉၈၈၇ |



တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

( င ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မှော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာ အုပ်စုများအတွင်းရှိ မြေဧရိယာ(၃၀၈၇.၉၁)ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် (၂၈.၈.၁၉၉၂)မှစ၍ သီဟို သရက်စိုက်ပျိုးရန် မြို့နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဖော်ထုတ်ရေးအဖွဲ့မှတဆင့် စိုက်ပျိုးလုပ်ကိုင်လိုသူ တောင်သူများထံသို့ ခွင့်ပြုမိန့်ချထားပေးခဲ့ပါသည်။

အဆိုပါ ခွင့်ပြုချထားခြင်းခံရသူများအနက်မှ တောင်သူ(၁၅၇)ဦး၏ မြေဧရိယာ (၁၅၆၅.၀၇)ဧက သည် ပြည်မြို့နယ်မြေပြင်ကွင်းဆင်းစိစစ်ရေး အဖွဲ့၏ (၁၇.၇.၂၀၂၅)ရက်နေ့ ကွင်းဆင်းစစ်ဆေးချက်အရ စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်ထားရှိမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃၁ရက်နေ့ အထိ လာရောက်စိုက်ပျိုး လုပ်ကိုင်ဆောင်ရွက်ထားခြင်းမရှိသော မြေဧရိယာ(၁၅၆၅.၀၇) ဧကကို ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၆ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိသည့်အတွက် ယင်းဥပဒေပုဒ်မ၂၁ အရ ပြန်လည်သိမ်းဆည်းခြင်းနှင့်လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်(ပုံစံ-၇) များအား ပယ်ဖျက်ခြင်းကိုလည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ တို့နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းအမှတ်(၈)၊ မြေကွက်အမှတ်(၁၁)၊ မြေချိန်ဧရိယာ(၀.၀၆၂)ဧကရှိမြေအား Drကျော်နိုင်ဝင်း+ဒေါ်နုနုအေး မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက် အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ်(၂၉၀)၊ မြေပေအကျယ် (၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဒေါ်တင်တင်လှ အမည်ပေါက် ပါမစ်မြေကွက်ကိုအရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမင်းသက်နောင် ၈/သရန(နိုင်) ၀၄၈၆၆၂ က ယင်းမြေကွက်ကိုမိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဇေယျာလမ်းမ၊ တိုက်အမှတ်(၃၃၆)၊ မြေပေအကျယ် ပေ(၄၀x၆၀)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အအုံမှ ရောင်းချသူ ဒေါ်မိုးဥမ္မာကျော် ၁၂/ဥကတ(နိုင်)၁၅၄၇၃၂ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် တတိယထပ် (၄-လွှာ)၊ (ခေါင်းရင်းခန်း) အခန်းအကျယ်အဝန်း (၁၇x၅၄)ပေ၊ အမြင့်(၉)ပေရှိတိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့်အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ –**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁အေ)၊ ချမ်းသာရွှေပြည်အိမ်ရာ၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(12 G)၊ မြေပေအကျယ် ဧရိယာ ၀ ဒသမ ၂၆၃ဧက ရှိ ဦးသိန်းဇော်ထွန်းနှင့် ဒေါ်နုယဉ်မြင့်တို့ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်နွဲ့မြင့် ၁၂/ဥကတ(နိုင်) ၀၂၉၅၅၉၈က အထက်ပါမြေကွက်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၃)လမ်း၊ တိုက်အမှတ် ၆၃/၆၇၊ ၄ ခန်းတွဲ ၈ ထပ်တိုက် ၏ ၅ လွှာ၊ အခန်းအမှတ် 5 – B၊ ခန့်မှန်းအကျယ်(၁၃'x ၅၀')ရှိတိုက်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်၌ အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဒေါ်မေသူသူ(၁၃/လရန(နိုင်)၁၀၅၀၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာချိုဦး(၁၄/ကခန(နိုင်)၀၆၁၆၉၄)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်းကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံး အောင်မြင်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်သူဝင်း (LL.B)** | **ဦးမျိုးသန့်(LL.B) (C.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၉၃၂၂)** | **အထက်တန်းရှေ့နေ(စဉ် – ၄၅၇၀၅)** |
| **အမှတ် (၁၀၈/၇လွှာ–ဝဲဘက်ခန်း)၊** | **အမှတ် ၁၄၅၁၊ သီပေါလမ်း၊ ၅၅ ရပ်ကွက်၊** |
| **ဗိုလ်ရွဲလမ်း၊ (၈)ရပ်ကွက်၊ လသာမြို့နယ်၊** | **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉၇၈၁၈၄၆၂၉၈** | **ရန်ကုန်မြို့။ ဖုန်း-၀၉၇၇၁၉၇၁၀၆၄၊** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ ရတနာ(၂)လမ်း၊ မြေကွက်အမှတ်-၁၀၁၄/က၊ အကျယ်(၂၀' x၆၀')ရှိ ပါမစ်မြေ အမျိုးအစား မြေကွက်သည် ဦးလှကြည် အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်အား ပါမစ်အမည်ပေါက်ထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ် အဆက်စပ်အရ အကျိုးသက်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံ ကတိပြုသူ ဦးကျော်ကျော်မင်း(၁၂/ခရန(နိုင်)၁၀၉၄၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမေသဇင်ဝင်း(၁၂/အလန(နိုင်)၀၄၁၉၂၈)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို မြေကွက်အရောင်းအဝယ်အား ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာမှတ်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ(စဉ် – ၄၅၇၀၅)**
**အမှတ် ၁၄၅၁၊ သီပေါလမ်း၊ ၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉၇၇၁၉၇၁၀၆၄**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ် (၃/ချောင်းရိုးရပ်) ဦးပိုင်အမှတ်(၃၀-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၄ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးပါရှောတမ်း ၉/မမန(နိုင်) ၀၂၃၇၉၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ (၈)ရပ်ကွက်၊ (၁၂)လမ်း၊ မြေကွက်အမှတ်(၁၂၃)ဟု ခေါ်တွင်သော အလျား(၆၅)ပေ၊ အနံ(၆၅)ပေရှိ မြေကွက်မှာ ဗိုလ်မှူးတင်ယုအမည်ဖြင့် အိမ်ဝိုင်းမြေကွက်များ သတ်မှတ်ချ ထားပေးပြီး ယင်းမြေကွက်အား လက်ရှိပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သိမ့်သိမ့်ထွေး ၈/ဆဖန(နိုင်)၀၈၃၀၉၉ ၎င်းသာလျှင် လွှဲပြောင်းရောင်းချ ပိုင်ခွင့် ရှိသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချစ်ထွေး ၈/ပဖန(နိုင်) ၀၂၈၁၄၉ မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရဲမင်းထွန်း ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်- ၅၇၀၂၀)**
**အမှတ်-၃၄၈(ခ)၊ ရန်အောင် (၁၄)လမ်း အောင်ချမ်းသာရပ်၊မကွေးမြို့**
**ဖုန်း-၀၉-၄၀၉၁၂၁၈၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၈၈)၊ ၆၇(ဘီ)လမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွှန့်ဇော် ၏(GP ရရှိသူ ဦးမြတ်စိုး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၃၇၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျန်ဟိန်ရှင်း ၁၃/လရန (နိုင်) ၁၆၅၄၁၀က အမှုတွဲ အမှတ်(၂၀၁၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်၊ ရန်ပြေ(၄)လမ်း၊ အိမ်အမှတ်(၉၉၃)နေ ဦးမြင့်အေး ၁၂/သကတ(နိုင်)၀၀၄၅၈၇၊ ဒေါ်ရီ ၁၂/သကတ(နိုင်)၀၁၆၈၇၁ တို့၏သား ကိုနေလင်း ထွန်း ၁၂/သကတ (နိုင်)၁၇၄၅၀၉ သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ကိုနေလင်းထွန်းနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေး၊ ကြေးရေးအရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့် ကိစ္စရပ်များကိုမှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း ကိုနေလင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်အေး-ဒေါ်ရီ**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၀၅၅) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်အား မူလအမည်ပေါက် ဦးစောမျိုးဝင်း ထံမှ ဦးမောင်သန်း မှလည်းကောင်း၊ ဦးမောင်သန်းထံမှ ဒေါ်မြင့်မြင့်ဝေ မှလည်းကောင်း အရောင်းအဝယ်အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ထပ်မံ၍ ဒေါ်မြင့်မြင့်ဝေ မှ ၎င်းသာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးနွယ်(၁၄/ပတန(နိုင်)၁၁၄၆၀၂)က (၁၂-၇-၂၀၂၀) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် အပြီးအပိုင် ဝယ်ယူကာ မြေကွက်အပါအဝင် မြေချပါမစ်မူရင်းနှင့် ဆက်စပ်စာချုပ်စာတမ်း မူရင်းများအား လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးနွယ် တစ်ဦးတည်းမှသာ တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲ ပိုင်ခွင့်ရှိသူဖြစ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူမဆို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ မြေတိုင်းတာခြင်း၊ မြေပြုပြင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ဂရန်သစ် လျှောက်ထားခြင်း၊ တစ်နည်းနည်းဖြင့် ပိုင်ဆိုင်ခွင့်ရရှိစေရန် လျှောက်ထားခြင်းများ (လုံးဝ)မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၂၀၆၆)** | **(စဉ်-၁၂၃၆၅)** | **(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်။ ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ မြို့ကွက်သစ် အပိုင်း(ဓ)၊ ဦးပိုင်အမှတ်(ဓ/၇၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကနှင့်ပတ်သက်၍ ဦးအောင်ကျော်မိုး(ဘ) ဦးဝင်းကြည် ၁၄/မမက(နိုင်)၀၁၀၃၀၈ အမည်ဖြင့် ထုတ်ယူရရှိခဲ့ပြီးသော မြေပေးမိန့် အမှတ်စဉ်(၄၀/၂၀၁၁)၏ မြေပေးမိန့်မှာ ပျောက်ဆုံးခဲ့၍ မိတ္တူမှန်ပြန်လည် ထုတ်ယူသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဒေါ်ယဉ်ယဉ်အေးလှိုင်(ဘ)ဦးမောင်ကြီး**
**၁၃/တခလ(နိုင်)၀၆၁၈၅၀၊**
**တာချီလိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၁၇၉)၊ ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိ ဒေါ်ကျင်သန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ကျင်သန်း (ဘ)ဦးထွန်းရ ၉/တကန(နိုင်)၀၁၂၂၃မှ မြေငှားစာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ရီရီစိုး(ဘ)ဦးစိုးညွှန့် ၉/ပဘန (နိုင်)၀၀၀၁၄၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/76869 ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးနိုင် ၉/မဟမ(နိုင်)၀၄၁၂၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 43W/45458 ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးနိုင် ၉/မဟမ(နိုင်)၁၄၀၁၉၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/4214, AR Mahn Thit L/T , P/U(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၉/တတဥ(နိုင်)၀၄၅၉၅၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/46144, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလွမ်းမိုးအောင် ၅/မရန(နိုင်) ၃၄၀၃၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/60235 Shayan–110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက် အတွင်း အောက် ဖော်ပြပါ ရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/57460 Haojue–125 ယာဉ်လက်ဝယ်ရှိသူ Haojue (Mandalay) Co.,ltd က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1668, Suzuki Swift ZC715, Htach Back ယာဉ်လက်ဝယ်ရှိသူ ဦးရဲစိုးမင်း ၁၂/ပဘတ(နိုင်)၀၃၀၄၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/42849, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၈/သရန(နိုင်) ၀၅၉၁၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သရက်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/32312, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၅/မမတ(နိုင်) ၀၀၀၉၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

စာအုပ်စာပေ

လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၈

ဦးကျော်မြင့် နှင့် ၁။ ဦးကျော်စွာ
၂။ ဒေါ်နှင်းနှင်းကြူ
(တရားလို) (တရားပြိုင်များ )

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် (၀၀-၂)နေ ဦးကျော်စွာ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်မြင့်က "တောဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ လမ်းဖိုးငွေသွင်းပြေစာမူရင်း၊ မြေဖိုးငွေသွင်းပြေစာမူရင်းများ လက်ရောက်ရလိုမှု " ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း၁၄ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်၌ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ ကလောမြို့၊ ရပ်ကွက်(၆)၊ အကွက်အမှတ်နှင့်အမည် (၆/ရွှေဟသ်ာကုန်းရပ်)၊ ဦးပိုင်အမှတ်(၅/က-၂)၊ မြေကွက်အ မှတ်(15/122)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြေအား ဒေါ်ထက်နုဝေ ၁၂/သကတ(နိုင်)၂၀၃၆၈၄ အမည်ဖြင့် လူနေထိုင်ရန်အတွက် မြေငှားဂရန်အသစ် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ညောင်ဖြူစခန်းရပ်ကွက်၊ စေတီကုန်းလမ်း၊ အမှတ်(ည/၁၅၄)၊ ဦးပိုင်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၂၁)၊ အကျယ်အဝန်း အလျား(၆၆x၆၆)ပေ၊ အနံ(၅၀x၅၀)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်အဆောက်အအုံအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းမြင့်(၉/ပမန(နိုင်)၀၉၇၈၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမြတ်နွယ်(၁၃/ရစန(နိုင်)၁၀၁၈၆၂)က အပိုင်ဝယ်ယူရန် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်အထောက်အထားများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေမြတ်နွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီရဲဝင်း(LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(စဉ် -၁၆၁၂၁/၂၀၁၉)**
**တိုက်(၆)လုံး ဝန်ထမ်းအိမ်ရာ၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၁၁၁၄၃၇၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၂၊ ဗုဒ္ဓဘာသာကျောင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၁၂-က)၊ ဧရိယာ (၀.၀၅၂)ကေရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ်၊ ၆၆/၁၉၉၅-၁၉၉၆အရ (၂-၁၁-၁၉၉၅) မှ (၁-၁၁-၂၀၂၅)အထိ ဦးသန်းရွှေအမည်ဖြင့် နှစ်(၃၀)ခွင့်ပြုချထားပေးခဲ့သော မြေငှားစာချုပ်အား ဦးကျော်ခိုင်ထွန်း၊ ဒေါ်ဇင်ဇင်ဝင်းအမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၃-၈-၂၀၂၅)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/၅၀၊ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်၊ မြေကွက်အမှတ်(၃၁-လမ်း(၁၁၃))၊ ဧရိယာ(၀.၁၁၀)ကေရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ်၊ ၈၂၉/၁၉၉၂-၁၉၉၃ အရ(၈-၁၀-၁၉၉၃) မှ (၇-၁၀-၂၀၂၃)အထိ ဦးမြင့်သိန်းအမည်ဖြင့် နှစ်(၃၀)ခွင့်ပြုချထားပေးခဲ့သော မြေငှားစာချုပ်အား ဒေါ်မီမီလွင်အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့်(၈-၈-၂၀၂၅)ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၄၃

ဒေါ်နှင်းယုခိုင် လျှောက်သူ

